# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ စနေနေ့။ Saturday, 1 October 2022 ၁၀၈၇၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်

# နောင်မျိုးဆက်သစ်လူငယ်များအတွက် ဂုဏ်ယူလေးစားဖွယ် စံနမူနာကောင်းများကို လက်ဆင့်ကမ်း

**နေပြည်တော် စက်တင်ဘာ ၃၀**

(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ(3rd World Cadet Games-2022) တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games-2022) တင့်ကား မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Division(2)တွင် အသင်းလိုက် ပထမဆုရရှိခဲ့သည့် ပြိုင်ပွဲဝင်အဖွဲ့(၁)ကိုယ်စား ဗိုလ်ကြီးထင်အောင်ကျော်အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ်စရာ**

**အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့နှင့် သက်ကြီးအမျိုးသမီးများ၏အရေးပါမှု**
ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးတည်ချက်ဖြစ်သည့် သုံးစွဲသူများအားထားရသော အော်ပရေတာများဖြစ်စေရေး အထူးအလေးထားဆောင်ရွက်**
စာမျက်နှာ » ၉

**ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၆၀၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၄ ဦးတွေ့ရှိ**
စာမျက်နှာ » ၂၀

ကြေးမုံ

# ပြည်တွင်းအင်အားဖြင့် စီးပွားရေးမြှင့်တင်

“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံး အေးချမ်းလုံခြုံစွာဖြင့် လုပ်ကိုင်နေထိုင်ဆောင်ရွက်နေခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မန္တလေးမြို့ စက်မှုဇုန်(၁)အတွင်း လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားခဲ့သည်။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သည့်အနေအထားများ ဖြစ်ထွန်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်ပေးပြီး နိုင်ငံအတွင်း ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်သဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ပေါ်လာပြီဖြစ်ရာ အနာဂတ်ကာလများတွင် သာယာဝပြောသော တိုင်းပြည် ဖြစ်ပေါ်လာမည်ဟုယုံကြည်ပါသည်။

တိုင်းပြည်တစ်ပြည် သာယာဝပြောရေးအတွက် အဓိကကျသည့်အချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်း ပေါများရေးနှင့် ပြည်တွင်းစီးပွားရေးကောင်းမွန်စေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်တွင်း၌ ကုန်ကြမ်းများပေါများရေး၊ သွင်းအားစုများ အလုံအလောက်ရှိရေး၊ အရင်းအနှီးများရရှိရေးနှင့် လူသားအရင်းအမြစ်များ ဖြစ်ထွန်းလာရေးတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲက တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိသည်ဖြစ်သဖြင့် ပြည်တွင်းစီးပွားရေးနှင့်ကုန်ထုတ်လုပ်မှုကို အားပေးကြရမည်ဖြစ်ကြောင်း မှာကြားထားသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် တုံ့ဆိုင်းကျဆင်းသွားသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မနေမနား အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကြောင့် ပြန်လည်ဦးမော့လာပြီး ယခုအခါ လုပ်ငန်းများပုံမှန်အနေအထားဖြင့် ပြန်လည်လည်ပတ်လာနိုင်သည့်အပြင် အနာဂတ်ကာလတွင် စီးပွားရေးလုပ်ငန်းများ၌ အဓိကကျသည့် စက်သုံးဆီ၊ လျှပ်စစ်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ဆက်စပ်၍ စက်သုံးဆီကဲ့သို့ အခြားသွင်းအားစုများလိုအပ်ပြီး အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လျှပ်စစ်ဓာတ်အားသည် အဓိကကျသောအချက်ဖြစ်သည်။ အဆိုပါလိုအပ်ချက်များအတွက် ယခုအခါ အလားအလာကောင်းများ ရရှိလာပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ရုရှားနိုင်ငံခရီးစဉ်တွင် ရေအားလျှပ်စစ်နှင့်နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များစွာရှိသည့်အပြင် မကြာမီကာလတွင် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးချနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင် အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။

လက်ရှိတွင် ပြည်တွင်း၌ စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အနာဂတ်ကာလတွင် လူမှုစီးပွားကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်လာစေမည့် အထောက်အပံ့ကောင်းများ ရရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးတွင် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ထိုလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုထက် ဝန်ဆောင်မှုနှင့်ကုန်သွယ်မှုလုပ်ငန်းများက ပိုမိုများပြားသောကြောင့် ဝယ်လိုအားနှင့်ရောင်းလိုအားမမျှတဘဲ ကုန်ပစ္စည်းဈေးနှုန်းများ ကြီးမြင့်မှုဖြစ်ပေါ်လာရသည်။

ထို့ကြောင့် ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာအောင် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းထုတ်ကုန်များ အရည်အသွေးပြည့်မီရေး၊ ကုန်ထုတ်လုပ်မှုမြင့်မားရေးနှင့် ပြည်ပသို့ပါ တင်ပို့နိုင်ရေးအတွက် အဘက်ဘက်တွင် လိုအပ်ချက်ရှိသည့် ကိစ္စအဝဝတို့ကို အဆင်ပြေအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ အားကောင်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများကမြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရွှေအင်းရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာ့ရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အနန္တမေတ္တာကျောင်းတိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ ပညာရာမပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ သစ္စာဂုဏ်ရည်ကျောင်းတိုက်နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ သာယာကုန်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဗုဒ္ဓခြေတော်ရာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပညာစက္ကရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာသုန္ဒရာ ရာမကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ မြင်းဝန်မင်းကြီး ကျောင်းတိုက်နှင့် အောင်မြေသာစံ မြို့နယ်ရှိအောင်ချမ်းသာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကလေးဝ တောရကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မန်ကောင်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့် ဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ထမုန်ကန်စံပြကျေးရွာ ထမုန်ကန်ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥ၊ ရေသန့်နှင့် အခြားစားသောက်ဖွယ်ရာများ လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ကြက်ဥများကို ဒေသအလိုက် ထောက်ပံ့ကူညီလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀-၉-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၆၀၀ | ၁၈၂ | ၁,၇၃၁,၇၀၀ |
| MTSH | ၃,၅၀၀ | ၃,၆၀၀ | ၅,၃၆၅ | ၁၉,၀၄၅,၄၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၅၁ | ၃၉၂,၇၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၃ | ၆၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၁၄၀ | ၃၇၅,၀၀၀ |
| EFR | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| AMATA | ၅,၂၀၀ | ၅,၀၀၀ | ၇၅၁ | ၃,၈၉၉,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၃၀**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၅၆.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၅.၅၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၆၅၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၅၂.၈၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၈၂၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၆၄.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၆၅.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၅၄.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၂၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ(International Army Games–2022) နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ (3rd World Cadet Games–2022)တို့တွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည်ကာကွယ်လိုစိတ်အပေါ် အရင်းခံ၍ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုဂုဏ်ယူ၊ ရှေ့နောင်တော်များ၏ အစဉ်အလာကောင်းများအပြင် မိမိတို့ရရှိခဲ့သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်း

☆ ရှေ့ဖုံးမှ

(၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများနှင့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ(International Army Games–2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd World Cadet Games–2022)တို့တွင် ဆုရရှိခဲ့သည့် ကစားသမားများ တက်ရောက်ကြသည်။

**နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံတော်ကို စွမ်းအားပြည့် ကာကွယ်စောင့်ရှောက်ရေးအတွက် ခေတ်မီတပ်မတော်များအဖြစ် အပြိုင်အဆိုင်တည်ဆောက်လျက်ရှိရာ အရည်အသွေးပြည့်ဝသည့် စစ်အသုံးအဆောင်ပစ္စည်းများနှင့် အားဖြည့်ရုံသာမကဘဲ စွမ်းရည်ထက်မြက်သည့် တပ်မတော်တစ်ရပ်ဖြစ်စေရေးအတွက် ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ မလျှော့သော ဇွဲ၊ လုံ့လရှိမှုများအပြင် စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်မှုရှိစေရေးအတွက် အစဉ်မပြတ်လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ မိမိတို့တပ်မတော် အနေဖြင့်လည်း နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထိရောက်ထက်မြက်စွာ ထမ်းဆောင်နိုင်ရေး **"အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး"** ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ပင်ဖြစ်ကြောင်း၊ ကာကွယ်ရေးဆိုရာတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်တွင်း၊ ပြည်ပရန်စွယ်မှန်သမျှကို ကာကွယ်စောင့်ရှောက်ရေးတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကိုလည်း ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်ကြောင်း၊ အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ပေါ်လွင်စေနိုင်ကြောင်း၊ အားကစားပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တပ်မတော်သားများအနေဖြင့် တိုင်းချစ်၊ ပြည်ချစ်စိတ်ကိုအရင်းခံသည့်အားကစားစိတ်ဓာတ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ တိုင်းပြည်ချစ်စိတ်ရှိမှလည်း တိုင်းပြည်ကို ကာကွယ်လိုစိတ်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည် ကာကွယ်လိုစိတ်အပေါ် အရင်းခံ၍ ဝင်ရောက်ယှဉ်ပြိုင်ပြီးအောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုဂုဏ်ယူကြောင်း။

ပြိုင်ပွဲများတွင် တပ်မတော်သားများအနေဖြင့် တပ်မတော်သားပီပီ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် နိုင်ငံတော်အကျိုးကို မည်သည့်နေရာကမဆို ဆက်လက်သယ်ပိုးလိုသည့် စိတ်ဓာတ်ထားရှိသည်ကို တွေ့ရှိရကြောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် မိမိတို့မြန်မာနိုင်ငံက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ အလေးမ၊ မြားပစ်နှင့် မသန်စွမ်းဘောလုံးအားကစားနည်းတို့တွင် စုစုပေါင်းဆုတံဆိပ် ၄၃ ခု ရရှိခဲ့ပြီး ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၇ ခုနှင့် နိုင်ငံအလိုက် အဆင့် (၆)တွင် ရပ်တည်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(မီတာ ၄၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ် (မီတာ ၄၀၀) (အသင်းလိုက်ပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ် (မီတာ ၂၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် အရာခံဗိုလ်ကျော်ကျော်ဝင်းအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

သူများအနက် မိမိတို့တပ်မတော်သား အားကစားသမား ကိုးဦးက ရွှေတံဆိပ်ငါးခု ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်ကိုးခု စုစုပေါင်းဆုတံဆိပ်မျိုးစုံ ၁၈ ခုကို ဆွတ်ခူးပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

အာဆီယံ မသန်စွမ်းသူများအားကစားပြိုင်ပွဲများကို ၂၀၁၁ ခုနှစ်မှစပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲများတွင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့သည့် တပ်မတော်သားများသည်လည်း နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို ဆောင်ကြဉ်းပေးခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရှေ့နောင်တော်များ၏ အစဉ်အလာကောင်းများအပြင် မိမိတို့ ရရှိခဲ့သည့် အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် တိုင်းပြည်အတွက် ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့သည့် အခြားတပ်မတော်သားများကိုလည်း မိမိတို့၏ ကျန်းမာရေးအတွက်ပင်ဖြစ်ဖြစ် နိုင်ငံတော်နှင့် တပ်မတော်အကျိုးအတွက် အားကစားနှင့်မြှင့်တင်မည့်စိတ်ဖြင့် အားကစားကို လေ့လာလိုက်စားကြရေး လှုံ့ဆော်ပေးသွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်၏ အဓိကလုပ်ငန်းကြီးသုံးရပ်တွင် ဒုတိယအချက်ဖြစ်သည့် လေ့ကျင့်ရေးတာဝန်နှင့် ပတ်သက်ပြီး မိမိတို့ သက်ဆိုင်ရာကဏ္ဍအသီးသီးအလိုက် မိမိတို့သင်ကြား လေ့ကျင့်ထားသည့် စစ်ပညာများကို ကျွမ်းကျင်မှုရှိအောင် စဉ်ဆက်မပြတ် လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများရရှိစေရေးအတွက် နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ(International Army Games)ကို ၂၀၁၈ ခုနှစ်မှ စတင်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုဆိုလျှင် (၅)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ် ဝင်ရောက်ယှဉ်ပြိုင်သည့် International Army Games ပြိုင်ပွဲတွင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံနှင့်အတူ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲ၊ Emergency Area ပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့တပ်မတော် တင့်တပ်ဖွဲ့ဝင်များအနေဖြင့် International Army Games တင့်ကားမောင်းနှင် ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon ကို ယခုနှစ်အပါအဝင် ငါးကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲဝင် ၂၂ သင်းအနက် အဆင့်(၁၆)၊ ၂၀၁၉ ခုနှစ် Division–2 တွင် ပြိုင်ပွဲဝင် ၁၁ သင်းအနက် အဆင့် ၅၊ ၂၀၂၀ ပြည့်နှစ် Division–2 တွင် ပြိုင်ပွဲဝင် ၈ သင်းအနက် အဆင့်(၄)၊ ၂၀၂၁ ခုနှစ် Division–2 တွင် ပြိုင်ပွဲဝင် ရှစ်သင်းအနက်အဆင့် (၃)ရရှိခဲ့ပြီး **စာမျက်နှာ ၄ သို့ ☆**

✰ စာမျက်နှာ ၃ မှ

ယခုနှစ် Division–2 ၌ ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၁ ရရှိခဲ့ကြောင်း၊ တစ်ဆက်တည်း၌ပင် လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၌ အသင်းလိုက်စွမ်းရည်ပြိုင်ပွဲ တတိယဆု၊ အမြန်ဆုံးလက်ဖြောင့်စစ်သည်ပြိုင်ပွဲတွင် တတိယဆုတို့ရရှိခဲ့ပြီး ပြိုင်ပွဲဝင် ခုနစ်နိုင်ငံအနက် အဆင့်(၄)နေရာ၊ ဆေးတပ်ဖွဲ့စွမ်းရည်ပြိုင်ပွဲတွင် ဖွဲ့သတ္တိဆုရရှိခဲ့သည်ကို တွေ့ရကြောင်း။

ယခုနှစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲလည်း ပါဝင်ခဲ့ကြောင်း၊ ယင်းပြိုင်ပွဲတွင် မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့်ဂီတကို ဖော်ကျူးနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး တီးခတ်မှုတူရိယာပြိုင်ပွဲတွင် ပထမဆု၊ ရုရှားသီချင်းစုံတွဲအဆိုပြိုင်ပွဲတွင် ပထမဆု၊ တစ်ဦးချင်း အမျိုးသမီးအဆိုပြိုင်ပွဲတွင် ဒုတိယဆု၊ ရိုးရာအကပြိုင်ပွဲတွင် တတိယဆုတို့အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ်မှု People’s Choice Award ၌ ပထမဆု၊ ယဉ်ကျေးမှုပြခန်းပြိုင်ပွဲတွင် တတိယဆု၊ ယဉ်ကျေးမှုပြခန်းခင်းကျင်းမှုအကောင်းဆုံးဆု၊ရိုးရာဝတ်စုံအကောင်းဆုံး ပထမဆုနှင့် စစ်ဘက်ဆိုင်ရာချစ်ကြည်ရင်းနှီးမှု တည်တံ့စေမှုဆုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၇ နိုင်ငံအနက် အဆင့် ၇ နေရာကို ထိုက်ထိုက်တန်တန်ရရှိခဲ့သည်ကို တွေ့ရကြောင်း။

ထို့အပြင် ယခုနှစ်တွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ(3rd World Cadet Games)တွင် အားကစားနည်း ခုနစ်မျိုးအနက် သုံးမျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရိုင်ဖယ်သေနတ်ပစ် တစ်ဦးချင်း အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပထမဆု၊ ရိုင်ဖယ်သေနတ်ပစ်အသင်းလိုက် အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ဒုတိယဆု၊ ပစ္စတိုသေနတ်ပစ် တိကျပစ်ခတ်ခြင်း အသင်းလိုက်ပြိုင်ပွဲတွင် တတိယဆုနှင့် ပစ္စတိုသေနတ်ပစ် အသင်းလိုက်အမြန်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ ယှဉ်ပြိုင်ခဲ့ရာ အဆင့် ၈ နေရာရရှိခဲ့သည်ကို တွေ့ရကြောင်း။

## နိုင်ငံတော်နှင့်တပ်မတော်ကိုယ်စား အထူးဂုဏ်ယူဝမ်းမြောက်

မိမိတို့ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာအားကစားပြိုင်ပွဲများ၏ အောင်မြင်မှုရလဒ်များကို ပြန်လည်သုံးသပ်ကြည့်ပါက တစ်နှစ်ထက်တစ်နှစ် အောင်မြင်မှုမြင့်တက်လာသည်ကိုတွေ့ရှိရသဖြင့် နိုင်ငံတော်နှင့်တပ်မတော်ကိုယ်စား အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ အဆင့်တိုးတက်လာခြင်းသည် တစ်ဦးချင်း၏ လေ့ကျင့်သားပြည့်ဝမှုနှင့် စုစည်းညီညွတ်မှုရလဒ်များကြောင့်ပင် ဖြစ်ကြောင်း၊ မည်သည့်အားကစားမဆို **“ယှဉ်ပြိုင်ခြင်းသည် အဓိက”** ဟု ဆိုသော်လည်း နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်မည်ဟူသည့် ပြင်းပြသည့်ရည်မှန်းချက်ထားပြီး တပ်မတော်သားပီပီ နိုင်ငံတော်နှင့် တပ်မတော်အတွက် မလျှော့သော ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ တပ်မတော်သားများတွင်ရှိပြီး ကောင်းမွန်သည့် ယုံကြည်ချက်၊ ခံယူချက်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲမျိုးစုံတွင် အောင်မြင်မှုကို ထိုက်ထိုက်တန်တန်ရရှိခဲ့ကြခြင်းပင်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(လှံတံပစ်)(တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ်(အမြင့်ခုန်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် ဒုတိယတပ်ကြပ်စိုးသန်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games–2022) ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ အတီးပြိုင်ပွဲတွင် အသင်းလိုက် ပထမဆုရရှိခဲ့သည့် တပ်ကြပ်အောင်အောင်ထက်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

အုပ်ချုပ်သူနှင့်နည်းပြများအနေဖြင့်လည်း ယခုကဲ့သို့ဆုများရရှိအောင် သင်ကြားပြသပေးနိုင်မှုအပေါ် ဂုဏ်ပြုအသိအမှတ်ပြုသလို ပြီးခဲ့သည့် ပြိုင်ပွဲများတွင် မိမိတို့ကစားသမားများ၏ အားနည်းချက်၊ အားသာချက်များအပြင် အခြားပြိုင်ပွဲဝင်နိုင်ငံများ၏ အားသာချက်များကိုသုံးသပ်ပြီး အောင်မြင်မှုများ ပိုမိုမြင့်မားလာစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် အားကစားသမားများကိုလည်း ရဲဘော်စိတ်ထားရှိပြီး အောင်ပွဲခံလိုစိတ်ဖြင့် ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားကြရန် ဖြည့်စွက်မှာကြားလိုကြောင်း၊ မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲတွင်အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်သည်ကို မှတ်ယူထားကြရမည်ဖြစ်ကြောင်း၊ ဆုရအားကစားသမားများအနေဖြင့် လက်ရှိရရှိထားသည့် အောင်မြင်မှုမှ လျော့ကျသွားခြင်းမရှိအောင်၊ လက်ရှိရရှိထားသည့် အောင်မြင်မှုထက်ပိုမိုသည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြသူများဖြစ်အောင် မိမိကိုယ်မိမိ စဉ်ဆက်မပြတ် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို စဉ်ဆက်မပြတ်ထားရှိပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားကြရမည်ဖြစ်ကြောင်းနှင့် နောင်မျိုးဆက်သစ်လူငယ်များအတွက် ဂုဏ်ယူလေးစားဖွယ်စံနမူနာကောင်းများကို လက်ဆင့်ကမ်းဖြန့်ဝေသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲတွင်အောင်မြင်မှုရရှိခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး တပ်မတော်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်သည်ကို မှတ်ယူထားကြရမည်ဖြစ်ကြောင်း၊ ဆုရအားကစားသမားများအနေဖြင့် လက်ရှိရရှိထားသည့် အောင်မြင်မှုမှ လျော့ကျသွားခြင်းမရှိအောင်၊ လက်ရှိရရှိထားသည့် အောင်မြင်မှုထက်ပိုမိုသည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြသူများဖြစ်အောင် မိမိကိုယ်မိမိ စဉ်ဆက်မပြတ် တည်ဆောက်သွားကြရမည်**

## ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ထို့နောက် တပ်မတော်ဂုဏ်ဆောင်အားကစားသမားများနှင့် ဆုတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(မီတာ ၄၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်(မီတာ ၄၀၀) (အသင်းလိုက်ပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ် (မီတာ ၂၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် အရာခံဗိုလ်ကျော်ကျော်ဝင်း၊ ပြေးခုန်ပစ်(မီတာ ၁၀၀)နှင့် (မီတာ ၂၀၀)(တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆုနှစ်ဆု၊ ပြေးခုန်ပစ် လက်ဆင့်ကမ်း(မီတာ ၄၀၀)(အသင်းလိုက်ပြိုင်ပွဲ)၌ ငွေတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် တပ်ကြပ်စိုးပေ၊ ပြေးခုန်ပစ် (သံလုံးပစ်)(တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ (သံပြားပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် တပ်ကြပ်ဇော်မင်းလွင်၊ (ပြေးခုန်ပစ်) (လှံတံပစ်)(တစ်ဦးချင်းပြိုင်ပွဲ)၌ ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ်(သံလုံးပစ်) (တစ်ဦးချင်းပြိုင်ပွဲ) ၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်ကြီးတင်ညိုတို့ကို လည်းကောင်း၊ နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲ (International Army Games–2022) တင့်ကား မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Division(2)တွင် အသင်းလိုက် ပထမဆုရရှိခဲ့သည့် ပြိုင်ပွဲဝင် အဖွဲ့(၁)ကိုယ်စား ဗိုလ်ကြီးထင်အောင်ကျော်၊ အဖွဲ့(၂)ကိုယ်စား ဗိုလ်ကြီးသန်းတိုးအောင်၊ အဖွဲ့(၃)ကိုယ်စား ဗိုလ်ကြီးထွန်းတောက်နိုင်တို့ကိုလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၅ သို့ ✰





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက အားကစားဖြင့် တပ်မတော်ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ၊ နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

☆ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(သံလုံးပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ (လှံတံပစ်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆု၊ သံပြားပစ်(တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကိုရရှိခဲ့သည့် ဒုတိယတပ်ကြပ် အောင်ထွန်းလင်း၊ ပြေးခုန်ပစ် (လှံတံပစ်)(တစ်ဦးချင်းပြိုင်ပွဲ)၌ ငွေတံဆိပ်ဆု၊ ပြေးခုန်ပစ်(အမြင့်ခုန်) (တစ်ဦးချင်းပြိုင်ပွဲ)၌ ကြေးတံဆိပ်ဆုတို့ကို ရရှိခဲ့သည့် ဒုတိယတပ်ကြပ်စိုးသန်း၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games–2022) ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ အတီးပြိုင်ပွဲတွင် အသင်းလိုက် ပထမဆုရရှိခဲ့သည့် တပ်ကြပ်အောင်အောင်ထက်နှင့် တပ်သား (အစားခန့်) ပိုင်ဇေကျော်၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ ရုရှားသီချင်းဆိုပြိုင်ပွဲတွင် စုံတွဲပထမဆုရရှိခဲ့သည့် တပ်ကြပ်ကြီး (အစားခန့်)စိုးမင်းနိုင်၊ ရုရှားသီချင်းဆိုပြိုင်ပွဲ စုံတွဲပထမဆုနှင့် တစ်ဦးချင်း ဒုတိယဆုတို့ကို ရရှိခဲ့သည့် တပ်ကြပ်ကြီး(အစားခန့်) ထူးဋ္ဌက္ကန္တာကျော်တို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်းနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့က (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ(International Army Games–2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd World Cadet Games–2022)တို့တွင် ဆုရရှိအောင် စွမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများနှင့် ဆုရရှိအောင် နည်းပြပေးခဲ့ကြသည့် နည်းပြများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ထို့နောက် ဆုရရှိသည့် အားကစားသမားများနှင့် နည်းပြများကိုယ်စား ဗိုလ်ကြီးသန်းတိုးအောင်က (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ(International Army Games–2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများအားကစားပြိုင်ပွဲ(3rd World Cadet Games–2022)တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အခြေအနေများနှင့် တပ်မတော်သား အားကစားသမားများ၏ ကြိုးစားအားထုတ်မှုများအပေါ် ယခုကဲ့သို့ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်လာမည့် ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ဆုရရှိသည့် အားကစားသမားများနှင့် နည်းပြများကိုယ်စား ဗိုလ်ကြီးသန်းတိုးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

**ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၊ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားဖြင့် တပ်မတော်ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများ၊ နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့ကလည်း တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော တပ်မတော်မှ အားကစားသမားများနှင့် ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများ၊ နိုင်ငံတကာတပ်မတော်အားကစားပြိုင်ပွဲ (International Army Games – 2022)နှင့် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ (3rd World Cadet Games–2022) တို့တွင် ဆုရရှိခဲ့ကြသည့် တပ်မတော်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှု၊ ကျီကုန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ကျီကုန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို အဆိုပါတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်ကာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့နှင့် သက်ကြီးအမျိုးသမီးများ၏အရေးပါမှု

ကြည်ထွန်း(လူမှု)




> **ကမ္ဘာတစ်ဝန်း သက်ကြီးရွယ်အိုများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲပင်ပန်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးအထီးကျန် ဆန်မှုတို့ကို လူ့အဖွဲ့အစည်းအား သိရှိလို့ဆော်ပေးရန်ဟူသော ရည်ရွယ် ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ၁၉၉၂ ခုနှစ်မှ စတင်ကျင်းပလာခဲ့ သည်မှာ ယခု ၂၀၂၂ ခုနှစ်တွင် နှစ် (၃၀) ပြည့် ပုလဲရတုအခါသမယသို့ ရောက်ရှိလာပြီဖြစ်**

နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဖြစ်သည်။ ကမ္ဘာတစ်ဝန်း သက်ကြီးရွယ်အိုများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲပင်ပန်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးအထီးကျန် ဆန်မှုတို့ကို လူ့အဖွဲ့အစည်းအား သိရှိလို့ဆော်ပေး ရန်ဟူသော ရည်ရွယ်ချက်များဖြင့် အပြည်ပြည် ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ ၁၉၉၂ ခုနှစ်မှ စတင် ကျင်းပလာခဲ့သည်မှာ ယခု ၂၀၂၂ ခုနှစ်တွင် နှစ် (၃၀) ပြည့် ပုလဲရတုအခါသမယသို့ ရောက်ရှိ လာပြီဖြစ်သည်။

လက်ရှိ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၉၀၀ ကျော်အနက် အသက် (၆၅)နှစ်နှင့်အထက် သက်ကြီး ရွယ်အိုဦးရေ ၇၀၃ သန်းရှိသည်။ လာမည့် ဆယ်စုနှစ် သုံးခုအတွင်း ၁ ဒသမ ၅ ဘီလီယံကျော်သို့ ရောက်ရှိ လာမည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထား သည်။ ဤသို့ သက်ကြီးသူများပြားလာမှုသည် မင်္ဂလာတစ်ပါးဖြစ်သော်လည်း ကမ္ဘာ့နိုင်ငံများအဖို့ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကဏ္ဍ အသီးသီးအတွက် ရတက်မအေးဖွယ် ကိစ္စရပ်ကြီး တစ်ခု ဖြစ်လာသည်။ ဤအရေးကို ရှေးမဆွကပင် မြော်မြင်တွေးဆခဲ့ကြသည်ဖြစ်ရာ ကုလသမဂ္ဂ အဖွဲ့ကြီးက လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကတည်းက စတင်အာရုံစိုက်ခဲ့သည်။

**ပထမအကြိမ်သက်ကြီးရွယ်အိုဆိုင်ရာညီလာခံ**

၁၉၈၂ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာ မြို့၌ ပထမအကြိမ် သက်ကြီးရွယ်အိုဆိုင်ရာညီလာခံ ကြီး (World Assembly on Ageing) ကိုကျင်းပကာ သက်ကြီးရွယ်အိုများဆိုင်ရာ ဗီယင်နာအပြည်ပြည် ဆိုင်ရာ လုပ်ငန်းစီမံချက် (Vienna International Plan of Action on Ageing) ကို ချမှတ်ခဲ့သည်။ ၎င်းစီမံချက်ကို ဖော်ဆောင်ရာတွင် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာလုပ်ငန်း၊ အကာအကွယ်ပေးခြင်း၊ နေထိုင်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာရေးရာများ၊ မိသားစုရေးရာ၊ လူမှုရေးရာ၊ ဝင်ငွေလုံလောက်မှု ရရှိရေး၊ အလုပ်အကိုင်ရရှိရေးနှင့် ပညာရေးကဏ္ဍ တို့ကို သုတေသနပြုခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ စိစစ်သုံးသပ်ခြင်းများ ပြုလုပ်ရန်အကြံပြုထား သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ သက်ကြီးရွယ်အိုများ အရေးကို ပိုမိုအာရုံစိုက်လာစေရန်နှင့် နှစ်စဉ် လှုံ့ဆော်မှုပြုပေးနိုင်ရန် (၄၅) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ဆုံးဖြတ်ချက် အမှတ် ၄၅/၁၀၆ ဖြင့် နှစ်စဉ် အောက်တိုဘာလ ၁ ရက် နေ့ကို “အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများ နေ့” (International Day of Older Persons– IDOP) ဟု ဂုဏ်ပြုသတ်မှတ်ပေးလိုက်သည်။

**အခြေခံမူငါးရပ်**

ထို့အပြင် သက်ကြီးရွယ်အိုများ နိစ္စဓူဝကြုံတွေ့ ရသော လူမှုဒုက္ခများနှင့် စစ်မက်ဖြစ်ပွားစဉ် မသိကျိုးကျွန်ပြုခြင်း၊ လျစ်လျူရှုခြင်းနှင့် အကြမ်းဖက် ခံရခြင်းတို့မှ အကာအကွယ်ပြုနိုင်ရန် ၁၉၉၁ ခုနှစ် တွင်ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက် ၄၆/၉၁ ဖြင့် အောက်ဖော်ပြပါ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူ (United Nations Principles for Older Persons) (၅) ရပ်ကို ချမှတ်ပေးခဲ့သည်–

(က) အခြေခံလိုအပ်ချက်များ ပြည့်စုံစေ၍ အမှီအခိုကင်းစွာ မိမိကိုယ်တိုင်ရပ်တည် နိုင်ရေး (Independence)၊

(ခ) လူမှုရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့ အစည်းများတွင် ပါဝင်ဆောင်ရွက်ခွင့် ရရှိရေး (Participation)၊

(ဂ) ကြီးသူငယ်သူအပြန်အလှန် ကူညီ စောင့်ရှောက်မှုပြုရေး (Care)၊

(ဃ) ၎င်းတို့၏ စွမ်းရည်နှင့် အခွင့်အလမ်း များကို ၎င်းတို့ကိုယ်တိုင် ဖြည့်ဆည်း နိုင်ရေး (Self–Fulfilment)၊

(င) ဂုဏ်သိက္ခာရှိရှိဖြင့် လုံခြုံမှုရှိစွာ ရပ်တည် ခွင့်ရရှိရေး (Dignity)။

**အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်**

(၄၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံက ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၄၇/၅ ဖြင့် ၁၉၉၉ ခုနှစ်ကို “အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများ နှစ်” (International year of Older Persons– IYOP) ဟု သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ကျင်းပသော အကြိမ် (၅၀) မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆုံးဖြတ်ချက် ၅၀/၁၄၁ ဖြင့် IYOP ကျင်းပရေးအတွက် အခြေခံ မူဘောင်စည်းမျဉ်းများကို ချမှတ်ပေးခဲ့သည်။ ၁၉၉၇ ခုနှစ်တွင်ကျင်းပသော (၅၂) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနှစ် အထိမ်းအမှတ်အခမ်းအနားကို တစ်ခဲနက်ကျင်းပကြရန် မေတ္တာရပ်ခံတိုက်တွန်း ခဲ့သည်။ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေး နှင့် လူမှုရေးကော်မရှင်၏ (၅၄) ကြိမ်မြောက် အစည်းအဝေးက International Year of Older Persons: Towards a society for all ages “သက်ရွယ်စုံညီလူ့ဘောင်ဆီသို့”ဟူသည့် ဆောင်ပုဒ် ကို သတ်မှတ်ပေးခဲ့ရာ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးတို့၌ IYOP အခမ်း အနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပ ခဲ့ကြသည်။

**ဒုတိယအကြိမ်သက်ကြီးရွယ်အိုဆိုင်ရာညီလာခံ**

၂၀၀၂ ခုနှစ်တွင် ဒုတိယအကြိမ်သက်ကြီး ရွယ်အိုဆိုင်ရာ ညီလာခံကို စပိန်နိုင်ငံ မဒရစ်မြို့၌ ထပ်မံကျင်းပသည်။ အဆိုပါညီလာခံက “မဒရစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက် ရေးလုပ်ငန်းအစီအစဉ် (Madrid International Plan of Action on Ageing – MIPAA) ထွက်ပေါ်လာကာ ကမ္ဘာတစ်ဝန်းလုံးရှိ သက်ကြီးရွယ်အိုများဘဝ သာယာစိုပြည်ရေးအတွက် အောက်ဖော်ပြပါ ဦးစားပေးနယ်ပယ်သုံးရပ်ကို စတင်ဖော်ဆောင် ကြရန် တိုက်တွန်းခဲ့သည်–

(က) သက်ကြီးရွယ်အိုများနှင့် ဖွံ့ဖြိုးတိုးတက် ရေး (Older Persons and Development)၊

(ခ) သက်ကြီးရွယ်အိုများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရေး (Advancing Health and well being into Old Age)၊

(ဂ) သက်ကြီးရွယ်အိုများအား ကူညီ စောင့်ရှောက်ပေးမည့် ပတ်ဝန်းကျင် ကောင်းများ ဖြစ်ထွန်းလာရေး (Ensuring Enabling and Supportive Environment)။

**နိုင်ငံတော်၏ဖြည့်ဆည်းဆောင်ရွက်မှု**

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားများကို နိုင်ငံတော်အဆင့်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ပါ ကျင်းပ ခဲ့သည်မှာ ယခုနှစ်တွင် (၂၄) ကြိမ်ရှိလာပြီဖြစ်သည်။ နိုင်ငံတစ်ဝန်းရှိ အသိအမှတ်ပြု စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာ ၈၅ ခုမှ ဘိုးဘွားများအတွက် နိုင်ငံတော်က ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာတို့ကို နှစ်စဉ်ထောက်ပံ့ပေးသည်။ ၂၀၀၄ ခုနှစ်မှစ၍ အိမ်တိုင်ရာရောက် သက်ကြီး ရွယ်အို စောင့်ရှောက်ရေးစီမံကိန်းကို အာဆီယံနိုင်ငံ များနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်ခဲ့သည်။ စီမံကိန်းဝင် မြို့နယ်ပေါင်း ၁၅၄ မြို့နယ်ထဲမှ ကျေးရွာ ၁၁၈ ရွာတွင် သက်ကြီးသူချင်း ကူညီ စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်းပေးခဲ့သည်။ ယခု အခါ လူကြီးနှင့်လူငယ် အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် သက်ကြီးသူတို့၏ စွမ်းရည်ကို ပိုမိုအားကောင်းစေရန် “လူမှုအားမာန်အဖွဲ့” (Inclusive Self Help Group–ISHG) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရာ ၂၂၂ ဖွဲ့ ရှိလာပြီဟု သိရသည်။

၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာ သက်ကြီးရွယ်အို စောင့်ရှောက်ရေး နည်းလမ်းတစ်ရပ်ဖြစ်သည့် “သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ” တစ်ခုကို ရန်ကုန်မြို့တွင် စံနမူနာပြအဖြစ် ဖွင့်လှစ်ထားပြီး အဆိုပါဂေဟာက “သက်ကြီး ရွယ်အိုများပြုစုစောင့်ရှောက်သူ (Care Giver)” သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနေ သည်ကို တွေ့ရသည်။ ထို့အပြင် နိုင်ငံတော်အစိုးရက “သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံကိန်း” နှင့် “မြန်မာနိုင်ငံ၏ လူမှုကာကွယ် စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်”တို့ကို ၂၀၁၄ ခုနှစ်မှစ၍ ချမှတ်ဆောင်ရွက် လျက်ရှိသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် နေ့တွင် “သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ”ကို ပြဋ္ဌာန်းပေးခဲ့သည်။ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အသက် (၉၀) နှင့်အထက် သက်ကြီးရွယ်အို တစ်ဦးလျှင် လစဉ် ကျပ်တစ်သောင်းနှုန်းထောက်ပံ့ ပေးသည်။ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အစ အောက်တို ဘာလမှစ၍ အသက် (၈၅) နှစ်သို့ ပြောင်းလဲ လျှော့ချကာ တစ်နိုင်ငံလုံးရှိ သက်ကြီးရွယ်အို ၂၅၀၀၀၀ ခန့်ကို သုံးလတစ်ကြိမ် ထောက်ပံ့ပေးခြင်း ဖြင့်လည်းကောင်း၊ လုပ်ကိုင်နိုင်စွမ်းရှိသေးသော နိုင်ငံ့ဝန်ထမ်းသက်ကြီးရွယ်အိုများ ပင်စင်ယူရမည့် အသက်ကို (၆၂) နှစ်အထိ တိုးမြှင့်သတ်မှတ်ပေးခြင်း ဖြင့်လည်းကောင်း ဖြည့်ဆည်းဆောင်ရွက်လျက် ရှိသည်ဖြစ်ရာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများ စောင့်ရှောက်မှုသမိုင်းတွင် ကမ္ပည်းတင်ရမည့် ဆောင်ရွက်ချက်များဖြစ်သည်။

**မြန်မာ ၁၂ ဦးတွင် သက်ကြီးရွယ်အိုတစ်ဦး**

မြန်မာနိုင်ငံ၌ အသက် (၆၀) နှစ်နှင့်အထက် သက်ကြီးရွယ်အို ပါဝင်မှုရာခိုင်နှုန်းသည် ၁၉၇၃ ခုနှစ်က ခြောက်ရာခိုင်နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ် တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက် ပြောင်းလဲလာသည်။ **စာမျက်နှာ ၇ သို့** ❂

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂)တို့ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၃၀

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) တို့နှင့် ယနေ့နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ စတုတ္ထနေ့အဖြစ် တွေ့ဆုံဆွေးနွေးသည်။ ထိုသို့ဆွေးနွေးရာတွင်“ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လည်းကောင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) အဖွဲ့ကို လည်းကောင်း တစ်ဖွဲ့ချင်း သီးခြားစီ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ စတုတ္ထနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲအား ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ နိုင်ငံရေးဌာနကြီးမှူးဦးအိုက်နပ်လိုင်း၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်၊ အတွင်းရေးမှူး(၂) စဝ်စိုင်းဆုတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် လေးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုက တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား နိဂုံးချုပ်စကားပြောကြားသည်။ ဆက်လက်၍ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်နှင့် စာအုပ်စာစောင်များ၊ MRTV DTH Receiver ၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၃၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၂)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၁)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ (၃ – ၇) ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊ အောက်တိုဘာလ (၈ – ၁၂) ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှလည်းကောင်း ဆုတ်ခွာသွား ဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၆)ရက်မှ (၈)ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် (၃)ရက်မှ (၅)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ပေဝက်မှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ နှစ်ပေ ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဌဝတီမြစ်ရေသည် သီပေါ၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

❂ စာမျက်နှာ ၆ မှ

ပြည်သူ့အင်အားဦးစီးဌာနက ထုတ်ပြန်ထားသော သက်ကြီးရွယ်အိုအကြောင်းအရာ သုတေသနစာတမ်းအရ မြန်မာနိုင်ငံ၌ သက်ကြီးရွယ်အိုဦးရေ ၄ ဒသမ ၅ သန်းခန့် ရှိလာပြီဖြစ်ရာ မြန်မာ့လူဦးရေ ၅၄ သန်းကျော်နှင့် တွက်ချင့်လျှင် မြန်မာ ၁၂ ဦးတွင် တစ်ဦးသည် သက်ကြီးရွယ်အိုစာရင်းဝင် ဖြစ်လာပြီဖြစ်သည်။ ထိုဦးရေ၏ ၅၇ ရာခိုင်နှုန်းသည် အမျိုးသမီးသက်ကြီးရွယ်အိုများ ဖြစ်ကြသည်။

**သက်ကြီးရွယ်အိုအမျိုးသမီးများ၏ အရေးပါမှု**

စင်စစ် သက်ကြီးအမျိုးသမီးများသည် သက်ကြီးအမျိုးသားများထက် ပို၍အသက်ရှည်သည်။ ပို၍ လောကဓံကို ခံနိုင်စွမ်းရှိသည်။ ကရုဏာနှလုံးသားနှင့် မုဒိတာအပြုံးများကို ပိုင်ဆိုင်ထားသော မိသားစုဘဝ အလှဖန်တီးရှင်များ ဖြစ်သည်။ သားကိုသခင်၊ လင်ကိုဘုရား တန်ဖိုးထားတတ်သူများဖြစ်သည်။ ရပ်ရေးရွာရေး၊ သာရေးနာမှု၊ လူမှုဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ဝန်မလေးတတ်သူများဖြစ်သည်။ ထိခိုက်လွယ်သူများ၊ အားနွဲ့သူများဟု ဆိုလင့်ကစား ဉာဏ်ပညာကြီးခြင်း၊ ခေါင်းဆောင်မှု အရည်အသွေးရှိခြင်း၊ စွမ်းအားကြီးခြင်း၊ တရားမျှတခြင်း၊ ဆင်ခြင်တုံတရားရှိခြင်း၊ လိမ္မာပါးနပ်သော တခ်ဏုပ္ပတ္တိဉာဏ်ရှိခြင်း စသောဝိသေသလက္ခဏာရှိသူများဖြစ်သည်။ “ယောက်ျားကို စေသော်မပြီးနိုင်၊ မိန်းမကိုစေသော်မခံနိုင်” ဟူသည့် ဆိုရိုးစကားအတိုင်း အမျိုးသားများ ပြီးမြောက်အောင် မဆောင်ရွက်နိုင်သည့်ကိစ္စအချို့ကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်စွမ်းရှိသူများ ဖြစ်သည်။ ပျော့လျှင် ဖယောင်း၊ မာလျှင် သံချောင်း ဆိုသည့်အတိုင်း သမိုင်းရေစီး လှိုင်းကြီးလေထန်ကာလများစွာတို့တွင် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ကြံ့ကြံ့ခံတုံ့ပြန်ရင်ဆိုင်နိုင်ကြသူများလည်း ဖြစ်သည်။ နယ်ပယ်တိုင်းလိုလိုတွင် သက်ကြီးအမျိုးသမီးများ၏ အရေးပါအရာရောက်မှုများကား စာဖွဲ့၍ကုန်နိုင်ဖွယ်မရှိပေ။

ဤသို့သော သက်ကြီးအမျိုးသမီးများ၏ သတ္တိ၊ ခွန်အား၊ စွမ်းပကားကို အသိအမှတ်မပြုဘဲ Ageism ခေါ် အသက်အရွယ်အရ ခွဲခြားဆက်ဆံခြင်း၊ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်း၊ တန်းတူရည်တူအခွင့်အရေးမပေးခြင်း စသောမထီမဲ့မြင်ပြုမှုများကို ရှောင်ရှားကြရမည်ဖြစ်သည်။ ဘေးကင်းလုံခြုံစိတ်ချရသော ပတ်ဝန်းကျင်ရရှိရေးနှင့် ကျန်းမာတက်ကြွသော သက်ကြီးဘဝ (Active and Healthy aging) ကို ရရှိစေရန် ဖန်တီးပေးကြရမည်။ သက်ကြီးအမျိုးသမီးများတွင် ငုပ်လျှိုးနေသော စွမ်းအားပုန်းများ များစွာကျန်ရှိနေသေးသည်ဖြစ်ရာ ၎င်းတို့ကို ဖော်ထုတ်အသုံးပြုရမည်။ သို့ဖြစ်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဦးဆောင်ရေးဆွဲလျက်ရှိသော ၂၀၂၂ ခုနှစ်အလွန် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၏ အဓိကလုပ်ငန်းနယ်ပယ်များတွင် အမျိုးသမီးငယ်ရွယ်များအတွက်သာမက အမျိုးသမီးသက်ကြီးများအတွက်ပါ ထည့်သွင်းရေးဆွဲသင့်ပါကြောင်း အကြံပြုလျက် ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

ကျမ်းကိုး

မြန်မာ့စွယ်စုံကျမ်းအနှစ်ချုပ် (၂၀၀၀ ပြည့်နှစ်)

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးအတွင်းရေးမှူး ဦးနေဝင်းတို့က အွန်လိုင်းမှ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေး၌ ပဒေသာကပွဲနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်ရက်အလိုက် ကပြဖျော်ဖြေမည့်အစီအစဉ်များ၊ Logo၊ Theme Song တို့ကို အတည်ပြုပေးရန်နှင့် ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့အစည်းများက တင်ပြထားသည့် အစီအစဉ်များကို အတည်ပြုပေးရန်ရှိကြောင်း။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲသည် အနှစ်သာရရှိပြီး တစ်သက်မှာ တစ်ကြိမ်သာဖြစ်သည့်အတွက် အောင်အောင်မြင်မြင်ဖြစ်ရန် လိုအပ်သကဲ့သို့ ပြည်သူများ၏ စိတ်ထဲတွင် လွတ်လပ်ရေး၏ အနှစ်သာရကို စွဲစွဲထင်ထင် ကျန်ရစ်စေလိုကြောင်း၊ သမားရိုးကျ ကပြဖျော်ဖြေခြင်းထက် ထူးခြားသည့် သရုပ်ဖော်မှုများဖြင့် ပြည်သူလူထု နှစ်သက်သဘောကျပြီး ပြည်သူပြည်သားများအားလုံး အမျိုးသားရေးစိတ်များ ပေါ်ထွန်းလာစေကာ နိုင်ငံ့အတွက် အကျိုးဖြစ်ထွန်းစေမည့် စိတ်ခံစားမှုရရှိပါက ပဒေသာကပွဲကျင်းပရကျိုးနပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ပဒေသာကပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် မိမိတို့ဌာနက အစွမ်းကုန် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကပြမည့်သဘင်အဖွဲ့များလည်း အသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က လဟာပြင်ကဇာတ်ရုံနှင့်ပတ်သက်၍ လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ပဒေသာကပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပဒေသာကပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ လျာထားချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ယခုအစည်းအဝေး ဆုံးဖြတ်ချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ငါးရက်ကြာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၆၊ ၂၇၊ ၂၈ ရက်များတွင် ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူ၍ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များဖြင့် ဖျော်ဖြေတင်ဆက်ကပြမည်ဖြစ်ပြီး နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကပြမည်ဖြစ်ကာ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကပြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၃၀**



၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးတို့၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

သွေးလှူဒါန်းပွဲများကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ လည်းကောင်း ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၂၅၈ ဦးတို့က ဂုဏ်ပြုသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည့် သွေးလှူရှင် တပ်ဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော် (ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် တာဝန်ရှိသူများ၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များအား အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က (၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၎င်း၏ (၅၈) ကြိမ်မြောက် သွေးလှူဒါန်းမှုအား ကိုယ်တိုင်ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း(ရှမ်းပြည်နယ်) ဖွဲ့စည်း

**တောင်ကြီး စက်တင်ဘာ ၃၀**

မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခုံရုံးအသင်း MIAC (ရှမ်းပြည်နယ်) ဖွဲ့စည်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ Hotal Mork Kon အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ MIAC (ဗဟို)ဥက္ကဋ္ဌနှင့် တည်ထောင်သူ ဦးအဲလ်ဘတ်ဇော်မင်းတို့က အဖွင့်အမှာစကားပြောကြားပြီး MIAC (ရန်ကုန်)ဥက္ကဋ္ဌ ဦးကျူးခေါင်နှင့် ရှမ်းပြည်နယ်ဥက္ကဋ္ဌ ဦးသိန်းရွှေတို့က အသင်းတည်ထောင်ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် MIAC(ဗဟို)ဥက္ကဋ္ဌနှင့် တည်ထောင်သူ ဦးအဲလ်ဘတ်တို့က ရှမ်းပြည်နယ်ဥက္ကဋ္ဌ ဦးသိန်းရွှေထံ အသင်းကြီး တရားဝင်တည်ထောင်ခွင့်ပြုလက်မှတ်နှင့် လိုင်စင်ကို လည်းကောင်း၊ အမှုဆောင်တစ်ဦးချင်း တာဝန်ပေးခန့်အပ်လွှာများကို လည်းကောင်း၊ MIAC အသင်းအတွက် ဂီတဥ္စလီတေးဂီတအဖွဲ့က မူပိုင်ခွင့်နှင့်တကွ လှူဒါန်းထားသော တေးသီချင်း VCD နှင့် တေးစာသားတို့ကို လည်းကောင်း ပေးအပ်ခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး စုပေါင်းအမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

**တင်ဝင်းတင်**



# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးတည်ချက်ဖြစ်သည့် သုံးစွဲသူများအားထားရသော အော်ပရေတာများဖြစ်စေရေး အထူးအလေးထားဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) တိုးကြောင်ကလေးရှိ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ရေဒီယိုလှိုင်းနှုန်းတိုင်းတာရေး အခြေစိုက်စခန်း(တောင်ဒဂုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အမြဲမပြတ် ကြီးကြပ်ဆောင်ရွက်**

စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လှိုင်းနှုန်းစဉ်များ တစ်ခုနှင့်တစ်ခု နှောင့်ယှက်မှုမရှိစေရေး တိုင်းတာစစ်ဆေးပြီး သုံးစွဲသူ ပြည်သူလူထု စိတ်ချမ်းမြေ့အဆင်ပြေစေရေး၊ တရားမဝင် လှိုင်းနှုန်းအသုံးပြုသူများမရှိစေရေး၊ လှိုင်းနှုန်းသုံးစွဲမှုဆိုင်ရာ အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ထားရှိရေး၊ စက်ပစ္စည်းများ ရေရှည်သက်တမ်းစေ့သုံးစွဲနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ဝန်ထမ်းများ စွမ်းဆောင်ရည်ပြည့်ဝစေရေးတို့ကို အမြဲမပြတ် ကြီးကြပ်ဆောင်ရွက်ကြရန်မှာကြားကာ ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တိုးကြောင်ကလေး ဂြိုဟ်တုမြေပြင်စခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စခန်းအတွင်း တပ်ဆင်ထားရှိသည့် ဂြိုဟ်တုဆက်သွယ်ရေးစက်ပစ္စည်းများနှင့် ချိတ်ဆက်ထားသည့် ဆက်ကြောင်းများ၊ ဝေးလံ၍ သွားလာရန်ခက်ခဲသော ဒေသများတွင် မိုလ်ဘိုင်းဆက်သွယ်ရေးစနစ်ရရှိရေးအတွက် ချိတ်ဆက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဦးတည်ချက်ဖြစ်သည့် သုံးစွဲသူများအားထားရသော အော်ပရေတာများဖြစ်စေရေး၊ ဆက်သွယ်ပေးနိုင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် သာလွန်ကောင်းမွန်မှုတို့အတွက် အထူးအလေးထားဆောင်ရွက်ရေး၊ ပြည်သူလူထုက သုံးစွဲနိုင်သည့် တတ်နိုင်သောနှုန်းထား၊ အခွန်အခများဖြစ်စေရေး၊ စက်ပစ္စည်းများ ရေရှည်ကောင်းမွန်စေရေး၊ ဝေးလံသော ဒေသများအတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်သည် အဓိကကျသဖြင့် နိုင်ငံပိုင် Myanmar Satellite 2 ဆက်ကြောင်းများကိုလည်း အကျိုးရှိရှိအသုံးပြုနိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

**စနစ်တကျထိန်းသိမ်း**

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သိုလှောင်ရုံ(Ware house)သို့ ရောက်ရှိစစ်ဆေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းများ သိုလှောင်ထိန်းသိမ်းမှုစနစ်ကို သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျထိန်းသိမ်းရေး၊ ဖြန့်ဖြူးထောက်ပံ့နိုင်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဟံသာဝတီ Data Center သို့ရောက်ရှိပြီး တာဝန်ရှိသူက လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဒေတာစင်တာများသည် သတင်းအချက်အလက်ခေတ်တွင် လွန်စွာအရေးပါသဖြင့် ပြတ်တောက်မှုမရှိ၊ အချိန်ပြည့်အသုံးပြုနိုင်ရေးအတွက် အရန်ဓာတ်အားပေးစက်များ အမြဲကောင်းမွန်နေစေရေး၊ အရန်ဆက်ကြောင်းများဖြင့် ချိတ်ဆက်နိုင်ရေး၊ စက်ပစ္စည်းများ၏ စွမ်းဆောင်မှုအရည်အသွေးများ စံချိန်စံညွှန်းအတိုင်း ကောင်းမွန်စွာ အသုံးပြုနိုင်ရေး၊ ဒေတာ စင်တာလုံခြုံရေးစီမံချက်နှင့် မီးဘေးလုံခြုံရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ရေး၊ ဝန်ထမ်းများ ကျန်းမာရေး သတ်မှတ်စည်းကမ်းများကို တိကျစွာလိုက်နာရေးတို့ကို လမ်းညွှန်မှာကြားပြီးနောက် စက်ခန်းများကိုစစ်ဆေးပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။




**ရှင်းလင်းတင်ပြ**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့မီးရထား၏ စက်ခေါင်းစက်ရုံ(အင်းစိန်)သို့ ရောက်ရှိပြီး စက်ရုံအထွေထွေမန်နေဂျာက အထက်အကြီးအကဲများ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် စက်ရုံလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ စက်ရုံ၏လုံခြုံရေး စနစ်တကျရှိရေး၊ လေဝင်လေထွက်များ ကောင်းမွန်စေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ လုပ်ငန်းဆိုင်ရာ မှတ်တမ်းများ စနစ်တကျထားရှိရေး လိုအပ်ချက်များ မှာကြားပြီး ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့မီးရထားဆေးရုံ(အင်းစိန်)သို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်းစိန်ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဆရာဝန်ကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထိရောက်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာနည်းစနစ်များကို ချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညီလာခံနှင့် (၄)ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ Video Conference စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

(၉)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ASEAN-OSHNET အတွင်းရေးမှူးချုပ်ရုံး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့(IALI)၊ တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာန(MEM)၊ ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာန(MHLW)၊ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအေဂျင်စီ(KOSHA)တို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ASEAN-OSHNET Excellence Award နှင့် ASEAN-OSHNET Best Practices Award ဆုရရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဝင်းရှိန်က အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ညီလာခံကို ယခုနှစ် မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် "Strengthening OSH Inspection Systems for Better Workplace" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ထိရောက်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ နည်းစနစ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပုံမှန်စစ်ဆေးခြင်းစနစ်မှ Digital Platform စစ်ဆေးခြင်းစနစ်သို့ တဖြည်းဖြည်း အသွင်ကူးပြောင်းလာကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်ကောင်းမွန်စေရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ် H.E Dato Lim Jock Hoi က အာဆီယံ၏ စီးပွားရေးတိုးတက်မှုလမ်းကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို မြှင့်တင်နိုင်ရေး အာဆီယံအနေဖြင့် သိသာထင်ရှားသည့် အားထုတ်မှု လုပ်ဆောင်ထားပါကြောင်း၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ကတိကဝတ်များ အားကောင်းခိုင်မာစေရေး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသည့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုရရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ညီလာခံ၏ ခေါင်းစဉ်နှင့်အညီ ပါဝင်ဆွေးနွေးအကြံပြုခဲ့ကြသည်။

**ဆုချီးမြှင့်ခြင်းအခမ်းအနား**

မွန်းလွဲပိုင်းတွင် (၄)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဒေသတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်ကောင်းမွန်သည့် ကုမ္ပဏီများကို အများပြည်သူသိရှိစေရန်နှင့် အသိအမှတ်ပြုဆုများချီးမြှင့်ပေးရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးပုံရိပ်အား မြှင့်တင်ပေးရန် ရည်ရွယ်ချက်များဖြင့် အာဆီယံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၁၆ ခုနှစ်မှစ၍ နှစ်နှစ်လျှင်တစ်ကြိမ် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အိမ်ရှင်အဖြစ် အလှည့်ကျကျင်းပပြုလုပ်ခဲ့ပြီး ယခုစတုတ္ထအကြိမ်တွင် မြန်မာနိုင်ငံက လက်ခံကျင်းပခွင့်ရရှိခဲ့ကြောင်းနှင့် အာဆီယံဒေသတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအခန်းကဏ္ဍတိုးတက်ရန် များစွာအထောက်အကူဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ချီးမြှင့်**

ထို့နောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဆုရရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများကို ဆုတံဆိပ်နှင့် ဆုလက်မှတ်များ ချီးမြှင့်ခဲ့သည်။

ASEAN-OSHNET Excellence Award ဆုအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ထူးခြားကောင်းမွန်စွာ ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြုရန်နှင့် ASEAN-OSHNET Best Practices Award ဆုကို အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအလေ့အထ၊ ကျင့်စဉ်များ ချမှတ်ဆောင်ရွက်မှုကို အားပေးချီးမြှောက်ရန်အတွက် နှစ်နှစ်လျှင်တစ်ကြိမ် ပေးအပ်ချီးမြှင့်လျက်ရှိရာ အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ (၄)ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံမှ Excellence Award တစ်ဆုနှင့် Best Practices Award တစ်ဆုတို့ကို ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံသို့ နိုင်ငံတကာနှင့် ဒေသတွင်းမှ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာရေးအတွက် ပြည်တွင်း/ပြည်ပမှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ရုပ်သံမီဒီယာများအား ဖိတ်ခေါ်၍ မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုနေရာများ၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ သဘာဝအလှအပများနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝပုံစံများကို နိုင်ငံတကာမီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် မြှင့်တင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာခရီးသွားများ လာရောက်လည်ပတ်သောအခါ ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းများ၊ ဘာသာစကားသင်တန်းများကို ခရီးစဉ်ဒေသ အသီးသီးအတွက် ဖွင့်လှစ်ပို့ချခြင်းတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**တွေ့ဆုံ**

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် ပုဂံမြို့ရှိ ရွှိုင်ရယ်ပဲလေ့စ်ဟိုတယ်သို့ ရောက်ရှိပြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၊ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းဌာနနှင့် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသော နေ့စဉ်သုံး တရုတ်ဘာသာစကားပြောသင်တန်းတွင် တက်ရောက်လျက်ရှိကြသော ပုဂံမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ Aureum Palace ဟိုတယ်၌ ထိုင်းနိုင်ငံရှိ Best International Travels & Agency မှ ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ ရုပ်သံမီဒီယာ Channel-5 အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ထိုင်းနိုင်ငံမှ Best International Travels & Agency နှင့် Channel-5 ရုပ်သံအဖွဲ့များက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ထိုင်းခရီးသွားဧည့်သည်များ ပုဂံနှင့် မန္တလေးမြို့များသို့ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ Best International Travels & Agency မှ ကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံရုပ်သံမီဒီယာ Channel-5 မှ အဖွဲ့များသည် နန်းမြင့်မျှော်စင်သို့သွားရောက်ကာ ပုဂံဒေသ၏ မြင်ကွင်းကျယ်အလှ၊ သာယာလှပသော ရှုမျှော်ခင်းများ၊ နိုင်ငံတကာပြပွဲများ၊ အစည်းအဝေးများကို လက်ခံကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ခရီးသွားများ လာရောက်လည်ပတ်နိုင်ရန် ပြင်ဆင်ထားရှိမှုကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Bagan Information Training Center (BITC) သို့ သွားရောက်ပြီး ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များအား လိုအပ်သော သတင်းအချက်အလက်များ ပေးနိုင်ရေးအတွက် မြေပုံများ၊ လက်ကမ်းစာစောင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများကို ခရီးသွားဧည့်သည်များ Virtual Reality Tour ဖြင့် ခံစားကြည့်ရှုနိုင်ရန်အတွက် တပ်ဆင်ဆောင်ရွက်ထားရှိမှုနှင့် Heritage Bagan ဟိုတယ်၌ တရုတ်ဘာသာစကားပြောသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့်အဖွဲ့အား အွန်လိုင်းဖြင့်တွေ့ဆုံကာ ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်ရေးနှင့် မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ မင်္ဂလာမန္တလေးဟိုတယ်၌ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပြီး မန္တလေးမြို့နှင့် ပုဂံမြို့များကို ခရီးသွားကမ္ဘာ့မြှင့်တင်ကြော်ငြာရေး ဆောင်ရွက်မည့် ထိုင်းနိုင်ငံမှ Best International Travels & Agency နှင့် Channel-5 သတင်းမီဒီယာမှအဖွဲ့များကို ကြိုဆိုနှုတ်ဆက်ကြသည်။

**တွေ့ဆုံနှုတ်ဆက်**

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့သို့ရောက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် စစ်တက္ကသိုလ်တို့ ပူးပေါင်းဖွင့်လှစ်ထားရှိသော ရုရှားဘာသာစကားသင်တန်းသို့သွားရောက်ကာ သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှ ရုရှားနိုင်ငံသားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်များပေးခဲ့သကဲ့သို့ ဝန်ကြီးဌာနအနေဖြင့်လည်း ရုရှားခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်မှုများ ရှိနေကြောင်း၊ မကြာမီကာလတွင် နှစ်နိုင်ငံအကြား လေကြောင်းပျံသန်းမှုရှိလာမည့်အပြင် ခရီးသွားမြှင့်တင်ရေးကြော်ငြာမှုများလည်း ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ ရွှေနန်းထိုက်ဟိုတယ်သို့ ရောက်ရှိကာ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် အမွေအနှစ်နေရာတစ်ခုဖြစ်သော ရွှေစံအိမ်ဟိုတယ်ရှိ Governor House သို့ ရောက်ရှိကာ ဟိုတယ်ပြင်ဆင်ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်နယ်အတွင်း ကုန်ကြမ်းရရှိရန် သေချာသော စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်



**လွိုင်ကော် စက်တင်ဘာ ၃၀**

ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဓိကမောင်းနှင်အား**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများဖြစ်ကြောင်း၊ ကယားပြည်နယ်အနေဖြင့် ပြည်နယ်၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်အတွင်း ကုန်ကြမ်းရရှိရန် သေချာသော စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များကို အခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်းများကို ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ လွိုင်ကော်စက်မှုဇုန်ကိုလည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်အတွက် လိုအပ်လျက်ရှိသော ကိစ္စရပ်များကို ပွင့်လင်းစွာတင်ပြစေလိုကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာနများ၊ MSME လုပ်ငန်းရှင်များကို အပြည့်အဝပံ့ပိုး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကယားပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးလွင်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်နယ်အတွင်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများ အလိုက်ဆောင်ရွက်နေသည့် လုပ်ငန်း အနေအထားများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း မှာကြားခဲ့ကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အေးသာယာမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းလုပ်ငန်း လွှဲပြောင်းအပ်နှံ

**တောင်ကြီး စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့၌ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနနှင့် တောင်ကြီးထိန်သာဆောက်လုပ်ရေးကုမ္ပဏီတို့ အကျိုးတူရင်းနှီးမြှုပ်နှံဆောင်ရွက်သော အေးသာယာမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းအပိုင်း-၁ ကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ယနေ့တွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းလုပ်ငန်းအပိုင်း(၁)၌ ပါဝင်သော ဂိတ်ခန်းပေါင်း ၁၁၇ ခန်းကို တောင်ကြီးထိန်သာဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးအားဝေက ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ စီမံကိန်းလုပ်ငန်း အပိုင်း(၁) ရာနှုန်းပြည့်ပြီးစီးသဖြင့် မြန်မာနိုင်ငံအနှံ့အပြားသို့ ပြေးဆွဲနေသော အဝေးပြေးယာဉ်လိုင်းများ အဆင်ပြေစွာလည်ပတ်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

စိုးလင်း(တောင်ကြီး)



## စစ်ဘက်ဆိုင်ရာ ပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအပေါ် ရည်ရွယ်ချက်ထားပြီး တိုက်ခိုက်ပစ်ခတ်မှုများကို ရှုတ်ချကန့်ကွက်ပါကြောင်းနှင့် လုံးဝလက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**
**သဘောထားထုတ်ပြန်ကြေညာချက် (၅ / ၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်၊ သောကြာနေ့**

၁။ ယနေ့နံနက်ပိုင်းက ရန်ကုန်-နေပြည်တော်-လွိုင်ကော်-ရန်ကုန်ခရီးစဉ်ကို ပြေးဆွဲနေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင်လေယာဉ်တစ်စင်း လွိုင်ကော်လေဆိပ်သို့ဆင်းသက်စဉ် အကြမ်းဖက်သမားများက လက်နက်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရပါသည်။

၂။ အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် (၆၃)ဦး လိုက်ပါလာပြီး ပစ်ခတ်မှုကြောင့် လေယာဉ်ဝမ်းဗိုက်သို့ ထိမှန်ကာ ခရီးသည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၃။ ယခုကာလသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ဦးတည်ချက်(၈)ရပ်ကို ချမှတ်ကာ နိုင်ငံတော်၊ တပ်မတော်နှင့်ပြည်သူအားလုံးတို့ ပူးပေါင်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါသည်။

၄။ ဤသို့သောအချိန်ကာလတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်လျက် ပြည်သူများ၏ စိတ်အေးချမ်းသာစွာ ခရီးသွားလာမှုများကို နှောင့်ယှက်လိုသည့်သဘောဖြင့် လက်နက်ကိုင်အကြမ်းဖက်သူများ၏ စစ်ဘက်ဆိုင်ရာပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအပေါ် ရည်ရွယ်ချက်ထားပြီး တိုက်ခိုက်ပစ်ခတ်မှုများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ရှုတ်ချကန့်ကွက်ပါကြောင်းနှင့် လုံးဝလက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်**

၁။ ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် ခရီးသည် ၆၃ ဦးလိုက်ပါလာသည့် ခရီးစဉ်အမှတ် UB – 149 ၊ ရန်ကုန် – နေပြည်တော်– လွိုင်ကော် – ရန်ကုန် ခရီးစဉ်အဖြစ် ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ လေယာဉ်အမှတ် XY – AML၊ လေယာဉ် အမျိုးအစား ATR – 72 (600)သည် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်ရန် လုပ်ငန်းစဉ်များအတိုင်း ပြုလုပ်လျက်ရှိစဉ် လက်နက်(စီစစ်ဆဲ) ဖြင့် ပစ်ခတ်သဖြင့် လေယာဉ်ပေါ် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ အပြစ်မဲ့ပြည်သူများအား အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများ၊ ယခုကဲ့သို့ ပြည်သူအများ ဒုက္ခရောက်စေရန် ကျူးလွန်မှုများအတွက် ယခုဖြစ်စဉ်အပါအဝင် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)**

## စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူများကို မကြာခဏ ချောင်းမြောင်းပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်နေခြင်းများအား ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

**မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်**

၂၀၂၂ခုနှစ်၊ စက်တင်ဘာ ၃၀ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်– နေပြည်တော်–လွိုင်ကော် – ရန်ကုန် ခရီးစဉ်ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ လေယာဉ်မှတ် XY–AML ၊ လေယာဉ် အမျိုးအစား ATR–72(600)သည် ခရီးသည် ၆၃ ဦးတင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ၈ နာရီ ၄၅ မိနစ်ခန့်၌ ဆင်းသက်ရန် လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းစဉ် ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်(စီစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်အား ထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန် ဖောက်ဝင်ဒဏ်ရာရရှိခဲ့သည်။

နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် စစ်ရေးနှင့်မသက်ဆိုင်သည့် အများပြည်သူများကို မကြာခဏ ချောင်းမြောင်းပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်နေခြင်းများအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ခရီးသည်တင်လေယာဉ်အား ပစ်ခတ်တိုက်ခိုက်သည့် အဖွဲ့အစည်းသည် အကြမ်းဖက်မှုကို ကျူးလွန်ခြင်းဖြစ်သဖြင့် ပြစ်တင်ရှုတ်ချကြောင်းသတင်းထုတ်ပြန်

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ် သတင်းထုတ်ပြန်ချက် (၁ /၂၀၂၂)**

၁။ စက်တင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းက ရန်ကုန်–နေပြည်တော်–လွိုင်ကော်–ရန်ကုန်ပျံသန်းပြေးဆွဲသော မြန်မာအမျိုးသားလေကြောင်းပိုင် ခရီးသည်လေယာဉ်ကို လေဆိပ်သို့လေယာဉ်ဆင်းသက်နေစဉ် လက်နက်(စီစစ်ဆဲ)ဖြင့် ပစ်ခတ်ခံရသဖြင့် လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်ပေါက်ပြီး လေယာဉ်ပေါ်ရှိ ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ကြောင်း သိရပါသည်။

၂။ ခရီးသည်တင်လေယာဉ်သည် စစ်ဘက်ပစ်မှတ်မဟုတ်သဖြင့် ခရီးသည်တင်လေယာဉ်အား ပစ်ခတ်တိုက်ခိုက်သည့်အဖွဲ့အစည်းသည် အကြမ်းဖက်မှုကို ကျူးလွန်ခြင်းဖြစ်သဖြင့် ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်**
**ရက်စွဲ။ ။၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်**

❖ ကျောဖုံးမှ

ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်သူများမှထွက်ရှိသည့် အခြေခံစားသောက်ကုန်များ၊ ခြံထွက်ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ပျားရည်၊ နို့ထွက်ပစ္စည်းများ၊ ငါး၊ ငါးပိ၊ ငါးခြောက်များကိုလည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ စီစဉ်သတ်မှတ်ပေးသည့် မြို့မဈေးကားရပ်နားကွင်းမြေကွက်လပ်တွင် ရုံးဝန်ထမ်းများ၊ နေပြည်တော်နေပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကြောင့် ဝယ်ယူသူ များပြားလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများက ရောင်းချပေးခြင်းကြောင့် သန့်ရှင်းလတ်ဆတ်မှုရှိခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိခြင်းများကြောင့် စားသုံးသူဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် ဝယ်ယူသုံးစွဲမှုအဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**



## (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဘားအံ စက်တင်ဘာ ၃၀**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင်ကျရောက်မည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆွေးနွေးညှိနှိုင်း**

အဆိုပါအခမ်းအနား ကျင်းပရေးနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်၍ ကရင်ပြည်နယ်နေ့ အခမ်းအနားနှင့် ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်နေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတွင် ပြည့်စုံအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားခဲ့ပြီး အထောက်အကူပြုလုပ်ငန်းကော်မတီ ၁၄ ခုမှ အတွင်းရေးမှူးများက အခမ်းအနားနှင့် ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းခဲ့ကြသည်။

ကရင်ပြည်နယ်နေ့ အခမ်းအနားကို မုခ်ဦးဖွင့်ပွဲ၊ ပြခန်း၊ ပြပွဲ၊ ပြိုင်ပွဲများအပြင် ကရင်ရိုးရာဒုံးအကပြိုင်ပွဲ (ဖျော်ဖြေပွဲ)၊ ရိုးရာလက်ဝှေ့ပွဲ၊ အားကစားပွဲနှင့် ပျော်ပွဲရွှင်ပွဲများပါ ထည့်သွင်း၍ နိုဝင်ဘာလ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်–၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းပွဲအခမ်းအနားကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ယနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် သင်တန်းဆင်းတပ်ခွဲက နိုင်ငံတော်အလံအား အလေးပြုပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌကို အလေးပြုကြသည်။ ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသားစံပြဆုကို ဦးဇင်ဝိုင်းသက်ဦး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနကို လည်းကောင်း၊ သင်တန်းသူစံပြဆုကို ဒေါ်နုနန္ဒာအောင် ဦးစီးအရာရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာနကို လည်းကောင်း၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်



ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများကို လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲအခမ်းအနား၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနေဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ (Mind, Body, character) တည်းဟူသော စွမ်းရည်သုံးရပ်အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အဂတိတရားကင်းစင်၍ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သော ပြည်သူ့ဝန်ထမ်းများ ဖြစ်စေရန်နှင့် ပြည်သူ့ဝန်ကိုထမ်းမည့် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဝန်ဆောင်ပေးမည့်၊ ပြည်သူအတွက် အပြည့်အဝ ဆောင်ရွက်ပေးမည့် အရင်းခံစိတ်ဓာတ်ထားရှိနိုင်သူများ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊

သင်တန်းသား သင်တန်းသူများအနေဖြင့် အသိဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံမှု၊ တီထွင်ဖန်တီးနိုင်စွမ်းရှိမှု၊ ထိုးထွင်းဉာဏ်ရှိမှု၊ လေ့လာသင်ယူနိုင်စွမ်းရှိမှု၊ ဝေဖန်ဆန်းစစ်သုံးသပ်နိုင်မှု စသည့်အရည်အသွေးကောင်းများ အစဉ်ထက်မြက်နေစေရန် ဆက်လက်လေ့လာသင်ယူကြရန် လိုအပ်ကြောင်း၊ မိမိတို့နှင့်သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများသာမက နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိထိုက်သည့် ဘာသာရပ်နယ်ပယ်အသီးသီးကိုလည်း နှံ့နှံ့စပ်စပ် နားလည်သိရှိပြီး အစဉ်တိုးတက်နေစေရန် ဆက်လက်လေ့လာဆည်းပူးသွားကြရန် တိုက်တွန်းမှာကြားသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်သော အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်း အမှတ်စဉ် (၁)သို့ သင်တန်းသား ၁၄၂ ဦး၊ သင်တန်းသူ ၁၁၅ ဦး စုစုပေါင်း ၂၅၇ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တင်းပြည့်အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး (2nd Technical Working Group Meeting) ကို ဖိုရမ်၏ ၂၀၂၂ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ဦးဆောင်၍ စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ Hybrid format ဖြင့် ကျင်းပခဲ့သည်။

## တက်ရောက်

လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Face to Face တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Virtual Online Platform အသုံးပြု၍ တက်ရောက်ခဲ့ကြကာ ဖိုရမ်အဖွဲ့ဝင် လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကော်မရှင်ဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမွန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်နှင့် ဒေါက်တာသန်းမြင့်၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးဦးဇေယျာလင်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

## ဆွေးနွေး

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် မတ်လက ကျင်းပခဲ့သော ဖိုရမ်၏ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း ၂၀၂၂–၂၀၂၆ ပါ ဦးစားပေးကိစ္စရပ် (၅)ရပ် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ် တစ်ခုစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဖိလစ်ပိုင်နိုင်ငံရှိ Plan International အဖွဲ့အစည်း မှ "The Girls' Leadership Index and the APAC Girls'" နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ၂၀၂၂–၂၀၂၃ ခုနှစ်တွင် SEANF နှင့် FORUM–ASIA/ ANNI တို့ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ (၁၉) ကြိမ်မြောက် SEANF နှစ်ပတ်လည်အစည်းအဝေး ကျင်းပရေးဆိုင်ရာကိစ္စရပ်များ အစရှိသည့် လူ့အခွင့်အရေးကိစ္စရပ်များကို ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။




လုပ်ငန်းအဖွဲ့အစည်းအဝေး၌ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးအပြီး ကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က လည်းကောင်း၊ SEANF၏ မဟာဗျူဟာစီမံကိန်း ၂၀၂၂–၂၀၂၆ ၏ ဦးစားပေးကိစ္စရပ် အမှတ် (၂) "စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးမြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းကလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ဖိုရမ်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၂၉ ရက် မှ ဒီဇင်ဘာ ၁ ရက်အထိ Hybrid format ဖြင့် ကျင်းပသွားရန် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ကနဦးသဘောတူညီမှု ရရှိခဲ့ကြသည်။

**သတင်းစဉ်**

# လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်လှစ်ထားသော အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ဖျာပုံအိမ်တွင်းမှုကျောင်း၌ ကျောင်းအခြေပြု စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားစဉ်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွက် သင်တန်းအပတ်စဉ် (၄/၂၀၂၂) ကို စက်တင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၁၄ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၀ ကျောင်းတွင် စက်တင်ဘာ ၂၈ အထိ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၄၃၈ ဦး စုစုပေါင်း ၄၆၉ ဦး တက်ရောက်လျက်ရှိသည်။

**သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးမင်းကို ဦးစီး၍ တပ်ဖွဲ့ဝင်အင်အား ၁၀၁ ဦးက စက်တင်ဘာ ၃၀ ရက်နံနက် ၇ နာရီမှ ၉ နာရီထိ ဟုမ္မလင်းမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

**လင်းလင်း(ပြန်/ဆက်)**

# အရပ်ဘက် လေယာဉ်တစ်စင်း လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အကြောင်းမဲ့ပစ်ခတ် တိုက်ခိုက်ခံရ ခရီးသွားလာမှု မပြတ်တောက်စေရေး ဆက်လက်ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၃၀**

စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ စီးနင်းလိုက်ပါလာသည့် အရပ်ဘက်လေယာဉ်တစ်စင်းအား လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အောက်ပါအတိုင်း ပြောကြားခဲ့သည်။




**လက်နက်ငယ်တွေနဲ့ပစ်ခတ်ခဲ့**

"ကယားပြည်နယ်မှာ အရင်ကတည်းကပင် KNPP အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နဲ့ PDF အဖွဲ့ပေါင်းပြီး လွိုင်ကော်မြို့ထဲမှာ မငြိမ်မသက်ဖြစ်အောင်၊ တိုက်ပွဲတွေဖြစ်အောင် ဆောင်ရွက်ခဲ့တာရှိတယ်။ တပ်မတော်အနေနဲ့ လုံခြုံရေးအရ ဆောင်ရွက်ပြီးတဲ့အခါမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေနဲ့ KNPP အဖွဲ့တို့ဟာ လွိုင်ကော်မြို့ကို နှောင့်ယှက်ပစ်ခတ်တာ၊ လွိုင်ကော်လေယာဉ်ကွင်းနား နှောင့်ယှက်ပစ်ခက်တာတွေကို လစ်ရင်လစ်သလို အဆက်မပြတ် ဆောင်ရွက်လေ့ရှိတယ်။ ဒီနေ့မှာတော့ ရန်ကုန်- နေပြည်တော်-လွိုင်ကော်- ရန်ကုန် ခရီးစဉ် ပြေးဆွဲနေတဲ့ မြန်မာအမျိုးသားလေကြောင်းလိုင်းက လေယာဉ်အမှတ် XY-AML လေယာဉ်က ၈ နာရီ ၄၅ မိနစ်ခန့်မှာ လွိုင်ကော်လေဆိပ်ကိုဆင်းဖို့ လုပ်ပါတယ်။ လေယာဉ်ပေါ်မှာ ခရီးသည် ၆၃ ဦး ပါပါတယ်။ ကျွန်တော်တို့အနေနဲ့ လွိုင်ကော်နဲ့ ခရီးစဉ် အဆက်မပြတ်ပြေးဆွဲနိုင်ရေး ခရီးသွားလုပ်သားပြည်သူများ ခရီးသွားလာမှု လွယ်ကူစေရေးအတွက် လေဆိပ်အနီးတစ်ဝိုက်မှာ လုံခြုံရေးတွေယူပြီး ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ လေယာဉ် ဆင်းသက်မယ်ဆိုရင် ဆင်းသက်မှုအဆင့်များအတိုင်း ပြေးလမ်းကို ချဉ်းကပ်ရတာရှိတယ်၊ ကွင်းကိုပတ်ရတာရှိတယ်။ လေယာဉ်ဆင်းသက်မှုအတိုင်း လုပ်ဆောင်နေချိန် လေယာဉ်ပြေးလမ်းရဲ့ မြောက်ဘက်လောက်မှာ KNPP၊ PDF အကြမ်းဖက်အဖွဲ့တွေက လေယာဉ်ကို လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ပစ်ခတ်မှုကြောင့် လေယာဉ်ဘယ်ဘက် ဝမ်းဗိုက်ပိုင်းမှာ လက်နက်ငယ်ကျည် ထိမှန်ခဲ့တာရှိတယ်။ လက်နက်ငယ်ကျည်က လေယာဉ်ဝမ်းဗိုက်ပိုင်းကို ဖောက်ထွက်ပြီး လေယာဉ်ပေါ်မှာရှိတဲ့ ခုံအမှတ် ၁၈ -A မှာ စီးနင်းလိုက်ပါလာတဲ့ ခရီးသည်တစ်ယောက်ရဲ့ ညာဘက်ပါးကို ထိခိုက်ခဲ့တာရှိပါတယ်။ (မစိုးရိမ်ရ)ထိခိုက်ဒဏ်ရာ ရရှိခဲ့တာ ဖြစ်ပါတယ်။

**လိုက်လံရှင်းလင်းလျက်ရှိ**

"လေယာဉ်ထိခိုက်ခဲ့တာရှိသော်လည်း လေယာဉ်အမှုထမ်းတွေရဲ့ ကြိုးစားဆင်းသက်မှုကြောင့် လေယာဉ်က လွိုင်ကော်လေဆိပ်မှာ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပါတယ်။ ခရီးသည်ကိုလည်း လွိုင်ကော်မှာရှိတဲ့ ပြည်သူ့ဆေးရုံမှာ ကုသပေးလျက်ရှိပါတယ်။ လေယာဉ်ကတော့ လိုအပ်တဲ့ ပြုပြင်မှုတွေပြုလုပ်ပြီး လွိုင်ကော်ကနေ မနက်ပိုင်းမှာပဲ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်ပါတယ်။ ခရီးသည်လေယာဉ်ကို ဒီလိုလုပ်ဆောင်တာဟာ စစ်ရာဇဝတ်မှု၊ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ အေးချမ်းသာယာရေးကို လိုလားတဲ့ ပြည်သူလူထုရော၊ အဖွဲ့အစည်းတွေအနေနဲ့ရော ဒီကိစ္စကို ဝိုင်းဝန်းရှုတ်ချဖို့လိုပါတယ်။ လေယာဉ်တစ်ခုခုဖြစ် သွားရင် ခရီးသွားပြည်သူများပဲ ဒုက္ခရောက်မှာဖြစ်ပါတယ်။ ဒေသခံပြည်သူလူထုရဲ့ ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်နေတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နံနက်ပိုင်းကတည်းကပဲ အချိန်မီ သတင်းထုတ်ပြန်ပြီးဖြစ်ပါတယ်။ တချို့ Online ပေါ်မှာ မသမာသူတွေက လေယာဉ်နဲ့ ပတ်သက်ပြီး ကောလာဟလ သတင်းမျိုးစုံ ထုတ်လွှင့်နေတာရှိပါတယ်။ တပ်မတော်နဲ့ ဒေသခံလုံခြုံရေးအဖွဲ့တွေအနေနဲ့ကတော့ ခရီးသွားလာမှု မပြတ်တောက်စေရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သောင်းကျန်းသူများ ခိုအောင်းနိုင်တဲ့ နေရာတွေကို လိုက်လံရှင်းလင်းလျက်ရှိပါတယ်" ဟု ပြောကြားသည်။

**သတင်းစဉ်**

## ဆိုးရွားကြမ်းတမ်းသော အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမည်




ဆိုးရွားကြမ်းတမ်းသော အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သွားသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမည်ဖြစ်ကြောင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက အောက်ပါအတိုင်း ဖြေကြားထားသည်။

**မေး။ ။ လွိုင်ကော်မှာ ခရီးသည်လေယာဉ် အပစ်ခံရတာနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ် ဖြေကြားထားတာကို ကြားသိရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ထပ်မံသိချင်တာက ယခုလို ဆိုးရွားရက်စက်တဲ့ လုပ်ရပ်တွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့က ဘယ်လိုဆက်လက် အရေးယူသွားမလဲဆိုတာ ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ ။ နိုင်ငံတကာရော၊ ကမ္ဘာမှာရော ခရီးသည်တင်လေယာဉ်၊ ခရီးသည်တင်ရထား၊ ခရီးသည်တင်ကား၊ Public Transportation နဲ့ပတ်သက်တဲ့လုပ်ငန်းတွေကို အကြမ်းဖက်တိုက်ခိုက်တာက ပြည်သူလူထုကို တိုက်ရိုက်ခြိမ်းခြောက်တာဖြစ်ပါတယ်။ ပြည်သူလူထုအပေါ်ကို တိုက်ရိုက်အကြမ်းဖက်ဆောင်ရွက်တာဖြစ်ပါတယ်။ လွိုင်ကော်မှာ ဖြစ်တဲ့ဖြစ်စဉ်ဟာ ခရီးသည် ၆၃ ဦး ပါတဲ့ လေယာဉ်ကို ပစ်ခတ်တာဖြစ်ပါတယ်။ ခရီးသည်တင်လေယာဉ်က ရန်ကုန်ကနေ ထွက်လာတယ်။ ၈ နာရီ ၄၅ မိနစ်ခန့်မှာ လွိုင်ကော်လေဆိပ်ကို ဆင်းသက်ဖို့အတွက် အနိမ့်ပျံသန်းတယ်၊ ကွင်းကိုပတ်ပြီး ပျံရတယ်။ ဒီလိုအချိန်မျိုးမှာ လေယာဉ်ကွင်းရဲ့ မြောက်ဘက်မှာရှိတဲ့ PDF၊ KNPP အကြမ်းဖက် သောင်းကျန်းသူတွေနေတဲ့ နေရာကနေ ဖြတ်ရတယ်။ ဖြတ်ရတဲ့အခါမှာ အောက်ကနေပြီး လက်နက်ငယ်နဲ့ ပစ်ခတ်တာ ဖြစ်ပါတယ်။ လေယာဉ်ဝမ်းဗိုက်ပိုင်းမှာ ထိခိုက်တာရှိပါတယ်။ ခရီးသည်တစ်ယောက် ဒဏ်ရာရရှိခဲ့တာရှိပါတယ်။ ဒီကိစ္စ သတင်းထုတ်ပြန်ပြီး နောက်ပိုင်းမှာ ပြည်ဖျက်မီဒီယာတွေက လေဆိပ်မှာပဲ ပစ်ခတ်မှုဖြစ်ပွားသယောင် ဆောင်ရွက်ခဲ့တာရှိပါတယ်။ ဘာကြောင့် သူတို့ ဒီလိုဆောင်ရွက်ရသလဲ ဆိုတာ အကြောင်းရှိတယ်။ အများပြည်သူနဲ့ သက်ဆိုင်တဲ့ Public Transportation ကိစ္စမှာ အကြမ်းဖက်မှုဟာ ပိုပြီးကြီးမားပြီး ရာဇဝတ်မှုကြီးမားတယ်ဆိုတာ သိတဲ့အတွက်ကြောင့် သူတို့အနေနဲ့ ဆင်သေတာကို ဆိတ်သားရေနဲ့ဖုံးတဲ့ပုံစံမျိုး လိုက်ပြီး လုပ်နေတဲ့ပုံစံ မျိုးဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ဆိုးရွားကြမ်းတမ်းတဲ့ ရက်စက်တဲ့ အကြမ်းဖက်လုပ်ရပ်မျိုးကို လုပ်ဆောင်နေတဲ့သူတွေ၊ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေအပေါ်မှာ ထိရောက်ပြင်းထန်စွာ တုံ့ပြန်သွားမယ်လို့ ပြောချင်ပါတယ်။

**သတင်းစဉ်**



## မြန်မာနိုင်ငံစာရေးဆရာအသင်း (၃၅) ကြိမ်မြောက် သက်ကြီးစာပေရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ (၄/ ၂၀၂၂) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို စာဆိုတော်နေ့ ဝန်းကျင်တွင် ရန်ကုန်မြို့၌ အစဉ်အလာမပျက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲသို့ စေတနာရှင်၊ အလှူရှင်များနှင့် မြို့နယ်စာရေးဆရာအသင်းများအနေဖြင့် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုဆန္ဒခံယူပွဲရလဒ်များအရ ယူကရိန်းဒေသလေးခုကို ရုရှားနိုင်ငံ၏ နယ်နိမိတ်အဖြစ် တရားဝင်သတ်မှတ်

**မော်စကို စက်တင်ဘာ ၃၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်က လူထုဆန္ဒခံယူပွဲရလဒ်များအပေါ်အခြေခံပြီး ယူကရိန်းဒေသလေးခုကိုရုရှားနိုင်ငံ၏ နယ်နိမိတ်အဖြစ် တရားဝင်သတ်မှတ်ကြောင်း ယနေ့ကြေညာသည်။

ယူကရိန်းအရှေ့ဘက်ရှိ Donetsk နှင့် Luhansk၊ တောင်ဘက်ပိုင်းရှိ Kherson နှင့် Zaporizhzhia ဒေသတို့ကို ရုရှားပိုင်နက်နယ်မြေအဖြစ် ယနေ့ ကြေညာခဲ့ကြောင်း ကရင်မလင်က ထုတ်ပြန်ကြေညာသည်။

ရုရှားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဆိုပါဒေသများ ပေါင်းစည်းရေးဆိုင်ရာ သဘောတူစာချုပ်ကို သမ္မတပူတင်က လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ ဒေသများကို ရုရှားနယ်နိမိတ်အတွင်း ပေါင်းစည်းပေးခြင်းသည် ပြည်သူသန်းပေါင်းများစွာ၏ လိုလားတောင့်တမှုပင်ဖြစ်ကြောင်း သမ္မတပူတင်က သူ၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် လူထုဆန္ဒခံယူပွဲများတွင် ရုရှားကိုယ်စားလှယ်များက ထောက်ခံမဲအသာစီးဖြင့် အနိုင်ရရှိခဲ့ပါကြောင်း သမ္မတပူတင်က ပြောကြားသည်။

ရုရှားသမ္မတ ပူတင်၏ နယ်မြေပေါင်းစည်းရေးကြေညာချက်ကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ရှုတ်ချပါကြောင်းနှင့် ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ထပ်မံချမှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ဆုံးဖြတ်ချက်မူကြမ်းကိုတင်သွင်းပြီး ရုရှား၏ကြေညာချက်အပေါ် အသိအမှတ်မပြုရန် အဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုခဲ့သည်။ သို့သော် ရုရှားသည် အမြဲတမ်းကောင်စီအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ယင်းတောင်းဆိုမှုအပေါ် ဗီတိုအာဏာသုံးပြီး ပယ်ဖျက်သွားဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**





## ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာအား ရာထူးတာဝန်များ ဆက်လက်ထမ်းဆောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက စီရင်ချက်ချမှတ်

**ဗန်ကောက် စက်တင်ဘာ ၃၀**

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာအား ရာထူးတာဝန်များ ဆက်လက်ထမ်းဆောင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ယနေ့ စီရင်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

ပရာယွတ်၏ ရာထူးသက်တမ်းကုန်ဆုံးသွားပြီဟု အတိုက်အခံပါတီများက အသနားခံစာတင်သွင်းမှုကြောင့် ဝန်ကြီးချုပ်အား ရာထူးတာဝန်များမှ တစ်လခန့် ဆိုင်းငံ့ခဲ့ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက အထက်ပါစီရင်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်၏ ရာထူးသက်တမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အသက်ဝင်သည့်ရက်ဖြစ်သည့် ၂၀၁၇ ခုနှစ် ဧပြီလတွင် စတင်ခြင်းဖြစ်ပါကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဆိုသည်။ ယင်းစီရင်ချက်အပေါ် တရားရုံးခုံအဖွဲ့ဝင်ကိုးဦးက မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲခြောက်မဲရှိခြင်းကြောင့် အဆိုပါစီရင်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်တစ်ဦး၏ ရာထူးသက်တမ်းသည် ရှစ်နှစ်ခန့်သာ ရှိသည်။ အတိုက်အခံများက ပရာယွတ်သည် ၂၀၁၄ ခုနှစ်အာဏာသိမ်းပြီးနောက် ဝန်ကြီးချုပ်ရာထူးကို စတင်ထမ်းဆောင်ခဲ့ခြင်းကြောင့် ဝန်ကြီးချုပ်၏ရာထူးသက်တမ်း ကုန်ဆုံးသွားပြီဟု ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးသို့ အသနားခံစာတင်သွင်းခဲ့သည်။

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာလက်ထက်တွင် ထိုင်းအစိုးရအဖွဲ့သည် ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် ကုန်ဈေးနှုန်းမြင့်တက်မှုအစရှိသည့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခဲ့ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၏ စီရင်ချက်ချမှတ်မှုကို ထောင်ပေါင်းများစွာသော ပြည်သူများက စောင့်ဆိုင်းနေခဲ့ကြသည်။ အဆိုပါစီရင်ချက်ချမှတ်မှုကို တိုက်ရိုက်ကြည့်ရှုရန် ဗန်ကောက်မြို့လမ်းဆုံတစ်နေရာတွင် ကြီးမားသည့် ရုပ်မြင်သံကြားပိတ်ကားတစ်ချပ်ကို တပ်ဆင်ထားသည်။

စီရင်ချက်ချမှတ်မှုထွက်ပေါ်လာပြီးနောက် တရားရုံး၏ဆုံးဖြတ်ချက်ကို လက်ခံနိုင်ခြင်းမရှိကြောင်း ပြည်သူများက ကြွေးကြော်ခဲ့သည်။

မြို့တွင်းရှိ လမ်းမများပေါ်တွင် ရဲတပ်ဖွဲ့က လုံခြုံရေးတင်းကျပ်ထားကြောင်းလည်း သိရသည်။ ထိုင်းနိုင်ငံသည် နိုဝင်ဘာလတွင် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ်ကျင်းပသွားမည်ဖြစ်သည်။ တရားရုံး၏ဆုံးဖြတ်ချက်အရ ပရာယွတ်ချန်အိုချာသည် အဆိုပါထိပ်သီးအစည်းအဝေးတွင် သဘာပတိအဖြစ် တာဝန်ယူထမ်းဆောင်ရမည်ဖြစ်သည်။ ထို့ပြင် ပရာယွတ်ချန်အိုချာက လာမည့်နှစ်အစောပိုင်းတွင်ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီအချိန်ထိ ဝန်ကြီးချုပ်တာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ စာသင်ကျောင်းတစ်ကျောင်း၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွား၊ ၁၉ ဦးအနည်းဆုံးသေဆုံး

**ကဘူးလ် စက်တင်ဘာ ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ စာသင်ကျောင်းတစ်ကျောင်း၌ အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ ၁၉ ဦးအနည်းဆုံးသေဆုံးပြီး ၂၇ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တာလီဘန်အာဏာပိုင်များက ဆိုသည်။

ပေါက်ကွဲစေသည့်ပစ္စည်းများ ခန္ဓာကိုယ်တွင် ချည်နှောင်ထားသည့် အမျိုးသားတစ်ဦးက အဆိုပါကျောင်းရှိ စာသင်ခန်းတစ်ခုအတွင်းသို့ ဝင်လာသည်ကို တွေ့မြင်ခဲ့ကြောင်းနှင့် သေနတ်ပစ်ဖောက်သံများကြားခဲ့ရကြောင်း မျက်မြင်သက်သေတစ်ဦးက ဆိုသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့အစည်းက ကျူးလွန်ခြင်းဖြစ်ကြောင်း ယခုအချိန်အထိ မသိရသေးပေ။

အခင်းဖြစ်ပွားသည့် စာသင်ကျောင်းသည် ရှီယိုက်အများစုနေထိုင်သည့် ရပ်ကွက်တစ်ခုတွင် တည်ရှိကြောင်း သိရသည်။

ယခုဗုံးဖောက်ခွဲမှုသည် တာလီဘန်များ အာဏာသိမ်းပြီးနောက်ပိုင်း နောက်ဆုံးအကြိမ်ဖြစ်ပွားမှုဖြစ်သည်။

အိုင်အက်စ်စစ်သွေးကြွများက ယခုလအစောပိုင်းတွင်လည်း ရုရှားသံရုံးအပြင်ဘက်တွင် သေနတ်ပစ်ခတ်မှုအပါအဝင် ဗုံးကြဲတိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည်။ ယင်းဖြစ်စဉ်တွင် သံရုံးဝန်ထမ်းနှစ်ဦးအပါအဝင် ခြောက်ဦးသေဆုံးခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၁ ဦး ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၃၀**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၁ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၂၉၄၇ ဦး ရှိလာကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၄၈၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၄၈၀၄၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၉၁၁၈ ဦး ရှိပြီး ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၂၉၄ ဦးသည် မြို့တော်မနီလာမှ ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၃ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်- ၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

## ဖလော်ရီဒါပြည်နယ်၌ မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၉ ဦးအထိ ရှိလာ

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ စက်တင်ဘာ ၂၈ ရက်က Ian မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၉ ဦးအထိ ရှိလာကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် ဖလော်ရီဒါကျွန်းဆွယ်ကို စက်တင်ဘာ ၂၈ ရက်တွင် ဝင်ရောက်ခဲ့ပြီး ယခုအချိန်တွင် အတ္တလန္တိတ်သမုဒ္ဒရာမြောက်ဘက်သို့ ရွေ့လျားလျက်ရှိကြောင်း အမေရိကန်ရာသီဥတုဆိုင်ရာ တာဝန်ရှိသူများက ဆိုသည်။

အဆိုပါမုန်တိုင်းကြောင့် အဆောက်အအုံများနှင့် လမ်းမများ ပျက်စီးဆုံးရှုံးခဲ့သည်။ ဒေသခံပြည်သူနှစ်သန်းသည် လျှပ်စစ်မီးပြတ်တောက်မှုများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။



မုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူစာရင်း တိုးလာနိုင်ဖွယ်ရှိကြောင်း ဖလော်ရီဒါပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်တစ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အလားတူ တောင်ကာရိုလိုင်းနားပြည်နယ်တွင်လည်း မြေပြိုမှုများဖြစ်ပွားနိုင်သည့်အတွက် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

အပျက်အစီးများအောက်တွင် ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



KNPP/PDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ မြန်မာအမျိုးသားလေကြောင်းလိုင်းအား လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့သည့် ပွိုင့်-၁၁၉၅ တည်နေရာပြ (Google) မြေပုံ




■ KNPP မှ

ဖျက်ဆီးမှုများကို ပြုလုပ်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ခရီးစဉ်အမှတ် UB – 149 ဖြင့် ရန်ကုန်– နေပြည်တော် – လွိုင်ကော်– ရန်ကုန် ခရီးစဉ်အဖြစ် ပြေးဆွဲသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) မှ လေယာဉ်အမှတ် XY–AML ၊ လေယာဉ်အမျိုးအစား ATR–72(600)သည် ခရီးသည် ၆၃ ဦးတင်ဆောင်၍ လွိုင်ကော်လေဆိပ်သို့ ၈ နာရီ ၄၅ မိနစ်ခန့်၌ ဆင်းသက်ရန် လေယာဉ်ဆင်းသက်ခြင်း လုပ်ငန်းစဉ်များအတိုင်း လေယာဉ်ကွင်းသို့ ချဉ်းကပ်ပျံသန်းစဉ် KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လူမဆန်စွာ ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် လက်နက်(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ခဲ့ရာ လေယာဉ်၏ ဘယ်ဘက်ဝမ်းဗိုက်အား ထိမှန်ခဲ့ပြီး လေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် ခရီးသည်တစ်ဦး၏ ညာဘက်ပါးတွင် ကျည်ထိမှန်ဖောက်ဝင်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိခဲ့သည့် ခရီးသည်ကို လွိုင်ကော်ပြည်သူ့ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူစေလျက်ရှိပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နေ အောင်ဇော်မြင့်(ခ) စစ်နိုင်သည် ၎င်းအသုံးပြုသည့် “Sit Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းနောက်ရပ်ကွက်နေ ခင်ကိုသည် ၎င်းအသုံးပြုသည့် “Khin Ko” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် န္တားရေတိုက်ကျေးရွာနေ ဆန်းတင့်သည် ၎င်းအသုံးပြုသည့် “San Tint” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ချောင်းဆုံကျေးရွာ “ရွာဦး” ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် စက်တင်ဘာ ၃၀**

NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများ စသည့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ ပြုလုပ်လျက်ရှိသည့်အပြင် သာသနာပိုင်အဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက် ၁ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်တင့်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာရှိ “ရွာဦး” ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရ သက်တော်(၆၀)နှစ် (ဝါတော်) ၂၅ ဝါ (ခမည်းတော်)ဦးသက်တင်သည် ဘုန်းကြီးကျောင်းအတွင်း၌ အဆိုပါကျေးရွာနေသူများဖြစ်သည့် မောင်ဖိုးလွင် (၁၈)နှစ် (ဘ)ဦးလှမြင့်၊ ဦးဖိုးလွယ်(၃၀)နှစ် (ဘ)ဦးသာထူးတို့နှင့်အတူရှိနေစဉ် PDF အကြမ်းဖက်သမား ၁၅ ဦးခန့်ရောက်ရှိလာပြီး ဆရာတော်နှင့် ဦးဖိုးလွယ်ပါ သုံးဦးအား ချောင်းဆုံကျေးရွာ၏အရှေ့ဘက်တောအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး တောစပ်အရောက်၌ ဦးဖိုးလွယ်နှင့် မောင်ဖိုးလွင်တို့အား ပြန်လည်စေလွှတ်ပေးကာ ဆရာတော် ဦးသုန္ဒရအား တောအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၆ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး အထက်ပါဖြစ်စဉ်များမှ PDF အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသည့် သာသနာ့အနွယ်ဝင် ချောင်းဆုံကျေးရွာ “ရွာဦး”ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရအား ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ကြံ့ခင်းမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်

**ကြံ့ခင်း စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးကြံ့ခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီတွင် ကြံ့ခင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းခင်းရာတွင် အချိန်မီပြီးစီးရေး၊ လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါကွန်ကရစ်လမ်းခင်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းလုပ်ငန်း ၁၄ ခုမှ ငွေကျပ် ၁၆၈ သန်းဖြင့် လျာထားဆောင်ရွက်ခဲ့ရာ သုခမိန်လမ်းကို ငွေကျပ် ၁၅ ဒသမ ၁၂၂ သန်းဖြင့်လည်းကောင်း၊ နဝင်းဂုဏ်လမ်းကို ငွေကျပ် ၁၈ ဒသမ ၆၀၄ သန်းဖြင့်လည်းကောင်း၊ ကျုံးရိုးလမ်းကို ငွေကျပ် ၁၀ ဒသမ ၄၁၆ သန်းဖြင့်လည်းကောင်း ဆောင်ရွက်နေမှုကို အမြန်ဆုံးပြီးစီးရေး ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၉ ရက်က လွိုင်လင်မြို့ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း/အပြင်၌ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်နှင့် တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်း၊ ဌာနဆိုင်ရာ များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၅ | ၂၀၉၀ | ၂၀၈၅ | ၂၀၅၀ | ၂၀၉၀ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၀ | ၂၀၉၀ | ၂၁၂၅ | ၂၁၂၅ | ၂၁၃၀ | ၂၃၄၅ | ၂၇၆၀ |
| 95 Ron | ၂၁၁၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၁၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၅ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၄၃၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၃၄၆၀ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၃၀ | ၂၆၃၀ | ၂၆၃၀ | ၂၈၅၀ | ၃၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၄ | ၂၀၁၆ |
| 95 Ron | ၂၀၁၂ | ၂၀၈၆ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၄၂၉ | ၂၅၀၇ |
| HSD (10 ppm) | ၂၄၂၉ | ၂၅၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သထုံမြို့၌ အဆောက်အအုံဆောက်ရန် မြေတူးရာမှ ရှေးဟောင်းအုတ်ခွက်ဘုရားများ တွေ့ရှိ



**သထုံ စက်တင်ဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရွှေစာရံဘုရားလမ်းရှိ အ-ထ-က(၂) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် မြေတူးရာမှ မုဒြာပုံစံအမျိုးမျိုးတို့ဖြင့် ရုပ်လုံးပေါ် ရှေးဟောင်းအုတ်ခွက်ဘုရားများနှင့် အကျိုးအပဲ့ စုစုပေါင်း ၂၁၀ ကျော်ခန့်ကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီခန့်က တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

"ကျောင်းဝင်းထဲမှာ အဆောင်သစ်ဆောက်ဖို့ မြေတူးရင်း ပေါ်လာတာပါ။ လောလောဆယ် စစ်ပြီးတာတော့ အုတ်ခွက်ဘုရား အချပ် ၂၁၀ လောက်ရှိပြီ။ သန့်ရှင်းရေးလုပ်ဖို့ ကျန်သေးတာတွေလည်း ရှိသေးတယ်။ ဒါတွေကို ရှေးဟောင်းသုတေသနက တာဝန်ရှိသူတွေဆီ အပ်နှံမှာဖြစ်ပြီးတော့ သူတို့အစီအစဉ်အတိုင်း ဆောင်ရွက်မှာပါ" ဟု မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ ရှေးဟောင်းအုတ်ခွက်ဘုရားများတွေ့ရှိရာသို့ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ယခု တူးဖော်တွေ့ရှိခဲ့သည့် အုတ်ခွက်ဘုရားများမှာ ယခင် ၂၀၁၅ ခုနှစ် ဇွန် ၁၅ ရက်၊ ဇူလိုင် ၁၅ ရက်၊ ဩဂုတ် ၈ ရက်နှင့် စက်တင်ဘာ ၁၅ ရက်တို့တွင် စတုဘုမ္မိကမဟာသတိပဋ္ဌာန် (ငှက်တွင်း) ကျောင်းတိုက်ဝင်းအတွင်း၌ တူးဖော်တွေ့ရှိခဲ့သည့် အုတ်ခွက်ဘုရားပေါင်း ၆၅၀ ကျော်၊ အကျိုးအပဲ့ ၉၀၀ နီးပါးတို့နှင့် လက်ရာတူ ပုံစံတူအုတ်ခွက်ဘုရားများဖြစ်ပြီး ထိုအုတ်ခွက်ဘုရားများမှာ ပုဂံခေတ်ထက်စောနိုင်ကြောင်း လက်ရာများမှာ အိန္ဒိယအရှေ့တောင်ပိုင်း ယခု ဘင်္ဂလားနယ်ထဲ၌ ထွန်းကားခဲ့သည့် (Pala-Sena Period) လက်ရာမျိုးဟု ယူဆရကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးစံဝင်းက ထိုစဉ်က မှတ်ချက်ပြု ပြောဆိုထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်ကလည်း ယခုအုတ်ခွက်ဘုရားများ တူးဖော်တွေ့ရှိရာ အ-ထ-က(၂) ကျောင်းဝင်းအတွင်း၌ အုတ်ခွက်ဘုရားပေါင်း ၁၀၀၀ ကျော်ကိုတူးဖော်တွေ့ရှိခဲ့ဖူးကြောင်း၊ ဒုတိယအကြိမ်တွင်ငှက်တွင်းကျောင်းတိုက်ဝင်းအတွင်း၌ အဆူရေ ၁၀၀၀ ကျော်၊ တတိယအကြိမ်တွင် ငှက်တွင်းကျောင်းတိုက်အနီး မြန်မာနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းအတွင်း၌ အဆူရေ၂၄၀ ကျော်နှင့် ယခု တူးဖော်တွေ့ရှိသော ရှေးဟောင်းအုတ်ခွက်ဘုရားများမှာ စတုတ္ထအကြိမ် တူးဖော်တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

## မှော်ဘီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မှော်ဘီ စက်တင်ဘာ ၃၀**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေဖြင့် မှော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ခြင်းလုပ်ငန်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် Maung Lay Group Co.,ltd မှ ဆောင်ရွက်သော ကျေးလက်ကုန်ထုတ်လမ်း (မြေသား- ဂဝံ)လုပ်ငန်းတို့အား မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၀၀ ဖြင့် VDP စီမံကိန်းဆောင်ရွက်သော ကွန်ကရစ်လမ်း အရှည် ၄၄၅ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မ ဆောင်ရွက်နေမှုများနှင့် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၈၅ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်း (မြေသား- ဂဝံ)လုပ်ငန်း ၀/၆ မိုင် ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်း အရှည် ၄၄၅ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိပြီး ဆောင်ရွက်ရန်ကျန်ရှိသော ပေ ၅၀၀ ခန့်ကိုလည်း ကျေးရွာပြည်သူလူထုမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုဘဏ္ဍာနှစ်တွင်လည်း မှော်ဘီမြို့နယ်မှ VDP ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာ ၁၀ ရွာတွင် ကျေးရွာတွင်းလမ်းများ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကာ ကျေးလက်ကုန်ထုတ်လမ်းကိုလည်း ကျေးရွာ သုံးရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင်စိုးထံမှ သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



## ကျိုက်ထိုမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ကျိုက်ထို စက်တင်ဘာ ၃၀**

ကျိုက်ထိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာတွင် ရဲထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကုန်ထုတ်လမ်းဆောင်ရွက်နေမှု အခြေအနေကို စက်တင်ဘာ ၃၀ ရက်က မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကွင်းဆင်းကြည့်ရှုပြီး လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျိုက္ကသာကျေးရွာ ကုန်ထုတ်လမ်းမှာ လမ်းအရှည် တစ်မိုင် (ဂဝံ၊ မြေသား)ဖြစ်ပြီး ၎င်းကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက လယ်စိုက်ဧက ၈၀၀ ကျော်မှ ထွက်ကုန်များအား ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၂၂



# မွန်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဦးစားပေးကဏ္ဍအနေဖြင့် အလေးထားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃၀

မွန်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဦးစားပေးကဏ္ဍအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာအုပ်စု အပြိုင်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် လုံခြုံရေးသည် အဓိကအရေးကြီးသလို တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် ဒေသတွင်းစီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍအသီးသီးတွင်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှု၊ စီးပွားဘဝအေးချမ်းသာယာလာနိုင်မည်ဖြစ်ကြောင်း၊ ချောင်းဆုံမြို့နယ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိခြင်းတို့ကြောင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ မိမိတို့ဒေသအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေးနှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများမှ လိုအပ်သည်များကို တင်ပြပေးစေလိုကြောင်းနှင့် တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပြီး တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ကိစ္စရပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသတွင်း လူမှုစီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနေမှုအခြေအနေကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ဒေသခံပြည်သူများက လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ နေကြာနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ အရင်းမပျောက်ရန်ပုံငွေများဖြင့် စီမံကိန်းကျေးရွာများ ဆောင်ရွက်ပေးနိုင်ရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြတောင်းခံခဲ့ကြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကွမ်ရိုက်ကျေးရွာအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားအထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သောင်ရင်းမြစ်ရေ မြဝတီမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

မြဝတီ စက်တင်ဘာ ၃၀

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုထားသည်။ မိုး/ဇလ






# ရှမ်းပြည်နယ်အတွင်း မွေးမြူရေးဇုန် ဖော်ထုတ်နိုင်မည့်ဒေသများ ရှာဖွေဖော်ထုတ်

တောင်ကြီး စက်တင်ဘာ ၃၀

ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအနေဖြင့် ခွင့်ပြုပေးနိုင်သည့် ကိစ္စရပ်များကို အမြန်ဆုံး ဆုံးဖြတ်ပြီး ပြည်နယ်အစိုးရအဖွဲ့၏သဘောထား ရယူခွင့်ပြုပေးသလို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည့် ကိစ္စရပ်များကိုလည်း အမြန်ဆုံးထောက်ခံတင်ပြဆောင်ရွက်ပေးသည်ကို အလေးအနက်ထားလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)ကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ မွေးမြူရေးဇုန်ဖော်ထုတ်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းပြည်နယ်အတွင်း မွေးမြူရေးဇုန် ဖော်ထုတ်နိုင်မည့်ဒေသများကိုလည်း ရှာဖွေဖော်ထုတ်လျက်ရှိပြီး လက်ရှိ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင်နှင့် တာချီလိတ်ခရိုင်၊ ကျိုင်းတုံခရိုင်များမှ မွေးမြူရေးအတွက် လျှောက်ထားလာမှုများကိုလည်း ခွင့်ပြုပေးလျက်ရှိပြီး အမှန်တကယ် မွေးမြူမည်ဆိုပါက ခွင့်ပြုပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင်လည်း ရပ်စောက်မြို့နယ် ကျိုင်းခမ်းဒေသကို ကော်ဖီဇုန်အပြင် မွေးမြူရေးဇုန်အဖြစ် ဆက်လက်ဆောင်ရွက်နိုင်ရန် လျာထားလျက်ရှိပြီး ပြည်နယ်အတွင်း မြေလွတ်၊ မြေရိုင်းများ လျှောက်ထားမှုအပေါ် ကော်ဖီ၊ မက္ကဒေးမီးယား ၊ ထောပတ်နှင့် အခြားစျေးကွက်ဝင်ဥယျာဉ်သီးနှံများ စိုက်ပျိုးရေးအတွက် တက်ရောက်လာသည့် အဖွဲ့ဝင်များအားလုံးကလည်း တွန်းအားပေး တိုက်တွန်းပြောကြားပေးရန်လိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးဆုံးဖြတ်ချက်များကို လယ်ယာမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) ဆုံးဖြတ်ချက်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)တင်ပြချက်များနှင့် မြေယာအယူခံမှုများ တင်ပြဆွေးနွေးပြီး ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) တင်ပြချက်များအား ဆွေးနွေးဆုံးဖြတ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



နေပြည်တော် စက်တင်ဘာ ၃၀

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

ယခင်အပတ်က Unit 4 Lesson: 3 **Talking about habits and routines** သင်ခန်းစာပါ so do I နှင့် neither do I အသုံးပြုပုံကို ရှင်းပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ adverbs of frequency (ကြိမ်နှုန်းပြ ကြိယာဝိသေသန) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Adverbs of frequency (ကြိမ်နှုန်းပြ ကြိယာဝိသေသန)

ကြိမ်နှုန်းပြ ကြိယာဝိသေသနဆိုတာ လုပ်ရပ်တစ်ခုကို ဘယ်နှကြိမ်၊ ဘယ်နှခါ လုပ်ဆောင်သလဲဆိုတာကို ဖော်ပြပါတယ်။

ဥပမာ။ ။ He always gets up early morning.
(သူ နံနက်တိုင်း အမြဲတမ်း အိပ်ရာ စောစောထသည်။)
They sometimes go to the library.
(သူတို့ တစ်ခါတစ်ရံ စာကြည့်တိုက်သွားတယ်။)
She goes shopping twice a month.
(သူ တစ်လတစ်ခါ ဈေးဝယ်ထွက်တယ်။)

အထက်ပါ ဥပမာတွေကို လေ့လာကြည့်မယ်ဆိုရင် ကြိမ်နှုန်းပြ ကြိယာဝိသေသနတွေကို ရေးသားရာမှာ generally (ယေဘုယျအားဖြင့်) ဖော်ပြတာနဲ့ exactly (အတိအကျ) ဖော်ပြတာဆိုပြီး နှစ်မျိုးတွေ့မြင်နိုင်ပါတယ်။

**Generally (ယေဘုယျအားဖြင့် ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများ)**

| | | |
|---|---|---|
| always | (အမြဲတမ်း) | 100% |
| usually | (များသောအားဖြင့်) | 90% |
| normally | (သာမန်အားဖြင့်) | 80% |
| often | (မကြာခဏ) | 70% |
| sometimes | (တစ်ခါတစ်ရံ) | 30% |
| rarely | (ရံဖန်ရံခါ) | 10% |
| hardly ever | (ကြုံတောင့်ကြုံခဲ၊ ရှားရှားပါးပါး) | 5% |
| never | (ဘယ်တော့မှ) | 0% |

မှတ်သားရန်။ ။ ယေဘုယျအားဖြင့်ဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများကို ဝါကျတွင် ထည့်သွင်းရေးသားရာတွင် Helping Verb, Verb to be တို့၏ အနောက်၊ Main Verb ရဲ့အရှေ့တွင် ထားရသည်။

ဥပမာ။ ။ She **is** always late. (Verb to be ရဲ့အနောက်)
**I've** often been to the US. (Helping Verb ရဲ့အနောက်)
You **must** never play after a big meal. (Helping Verb ရဲ့အနောက်)
I usually **walk** to school. (Main Verb ရဲ့အရှေ့)
She hardly ever **drinks** tea. (Main Verb ရဲ့အရှေ့)

**Exactly (အကြိမ်အရေအတွက်ကို အတိအကျဖော်ပြသော ကြိမ်နှုန်းပြ ကြိယာဝိသေသနများ)**

| | |
|---|---|
| every… | (every day/ week/ month/ year/ Friday/ weekend) |
| once a … | (day/ week/ month/ year) |
| three times a … | (day/ week/ month/ year) |
| four times a …. | (day/ week/ month/ year) |

မှတ်သားရန်။ ။ အကြိမ်အရေအတွက်ကို အတိအကျအားဖြင့် ဖော်ပြသော ကြိမ်နှုန်းပြကြိယာဝိသေသနများကို ဝါကျ၏ နောက်ဆုံးတွင် ထားရသည်။

ဥပမာ။ ။ He runs round the park every day. (စာကြောင်းရဲ့နောက်ဆုံး)
I play tennis once a week. (စာကြောင်းရဲ့နောက်ဆုံး)
She drinks milk once a day. (စာကြောင်းရဲ့နောက်ဆုံး)
I play football every evening. (စာကြောင်းရဲ့နောက်ဆုံး)
Mother cooks something special for us every weekend. (စာကြောင်းရဲ့နောက်ဆုံး)

**(1) Put the words in brackets ( ) in the right place in these sentences.**

1. Father works late at the office. (sometimes)
_______________________________________.
2. Ko Ko plays golf. (twice a month)
_______________________________________.
3. I eat Monhinga for breakfast. (every day)
_______________________________________.
4. We watch the TV. (usually)
_______________________________________.
5. My father gives me pocket money. (once every two days)
_______________________________________.

*(ဆက်လက်ဖော်ပြပါမည်)*

## Grade 7

ယခင်အပတ်က Unit 3 Lesson: 2 Accessories you usually go for (ပုံမှန်ဝယ်ယူသည့် အသုံးအဆောင်များ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာလည်း ဒီသင်ခန်းစာမှာပါတဲ့ ကြော်ငြာတွေကိုဖတ်ပြီး ပြုလုပ်ရတဲ့လေ့ကျင့်ခန်းများကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။ (ယခင်အပတ်မှအဆက်)

### Unit 3 Lesson: 2 Accessories you usually go for (ပုံမှန်ဝယ်ယူသည့် အသုံးအဆောင်များ)

**READING (စာဖတ်ခြင်း)**

**Rose နှင်းဆီ**
**Accessories Shop**
**အသုံးအဆောင်ပစ္စည်းဆိုင်**

4. Nice leather wallets come in two colours: brown and black. You can keep photos and cards. They are durable. They are made in Japan, Each costs 15000 kyats.

ဒီအရမ်းကောင်းမွန်တဲ့ သားရေပိုက်ဆံအိတ်လေးတွေက အညိုနဲ့ အနက် အရောင်နှစ်မျိုးလာပါတယ်။ ဓာတ်ပုံတွေ၊ ကတ်ပြားတွေ သိမ်းနိုင်ပါတယ်။ သူတို့က ကြာရှည်ခံတယ်။ ဂျပန်နိုင်ငံထုတ်ပစ္စည်းလေးဖြစ်တယ်။ တစ်ခုကို တစ်သောင်းခွဲကျပ်ပါ။

5. Italian silk scarves come in four different colours: yellow, white, black and pink. They are suitable for every season. They go with almost all clothes. They cost 9000 kyats each.

အီတလီနိုင်ငံထုတ်ပိုးပဝါလေးတွေက အဝါ၊ အဖြူ၊ အနက်နဲ့ ပန်းရောင်စတဲ့ အရောင်အမျိုးမျိုးလာပါတယ်။ ဒါလေးက ရာသီတိုင်းအတွက် သင့်တော်ပါတယ်။ သူတို့တွေက အဝတ်အစားအားလုံးနဲ့ လိုက်ဖက်တယ်။ တစ်ခုကို ကိုးထောင်ကျပ် ဖြစ်ပါတယ်။

6. These beautiful pearl bracelets are made in Myeik. They are available in two colours: white and black. They can make you look beautiful. Each costs 8000 kyats.

ဒီလှပတဲ့ပုလဲလက်ကောက်လေးတွေက မြိတ်ထုတ်ကုန်တွေ ဖြစ်ပါတယ်။ သူတို့ကို အဖြူနဲ့ အနက် အရောင်နှစ်မျိုး ရရှိနိုင်ပါတယ်။ ဒီလက်ကောက်လေးတွေက သင့်ကို လှပကြည့်ကောင်းစေမှာပါ။ တစ်ခုကို ရှစ်ထောင်ကျပ် ဖြစ်ပါတယ်။

**Open daily – 9 am to 5 pm, No. 266, Dagon Centre II, San Chaung Township, Yangon.**

**နေ့စဉ် ဆိုင်ဖွင့်ချိန် နံနက် ၉ မှ ညနေ ၅ နာရီ**
**အမှတ်(၂၈၆)၊ ဒဂုံစင်တာ ၂၊**
**စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။**

**4. Read the advertisements again and match the descriptions (1–6) with the pictures (A–F).**

ကြော်ငြာများကို ထပ်မံဖတ်၍ (၁ မှ ၆) နှင့် ရုပ်ပုံများကို ယှဉ်တွဲပါ။

A.  ______ B.  ______

C.  ______ D.  ______

E.  ______ F.  ______

**5. Read the advertisements again and complete the table.**

ကြော်ငြာများကို ထပ်မံဖတ်၍ ဇယားကို ဖြည့်စွက်ပါ။

| | | Colour အရောင် | Material ပစ္စည်း အမျိုးအစား | Price ဈေးနှုန်း | Made in (Country) ပြုလုပ်တဲ့နိုင်ငံ |
|---|---|---|---|---|---|
| Stars | --- | red, green, yellow | cotton | --- | Myanmar |
| | scarf | white, red, grey | --- | 6000 Kyats | --- |
| | --- | different colour | seashells | --- | Myanmar |
| Rose | wallet | brown and black | --- | 1500 Kyats | --- |
| | --- | yellow, white, black, pink | silk | 9000 Kyats | --- |
| | bracelet | --- | pearl | --- | Myanmar |

**6. Find the underlined words in the advertisements that have the same meaning as the words(s) given below.**

အောက်တွင် ပေးထားသောအရာများနှင့် အဓိပ္ပာယ်တူသော ကြော်ငြာထဲမှ မျဉ်းသားထားသော စကားလုံးများကို ရှာပါ။

1. Things that are made to be sold ______
ရောင်းရန်ပြုလုပ်ထားသောအရာများ
2. be in good condition for a long time ______
အချိန်အတော်ကြာအသုံးခံသည်။
3. (of things) you can get, buy or find ______
သင်ရရှိနိုင်သော (ဝယ်နိုင်/ရှာနိုင်)
4. match ______
လိုက်ဖက်
5. not costing much ______
ဈေးအရမ်းမကြီးပါ
6. very fashionable and modern ______
အလွန်ခေတ်ဆန်၊ ပို၍ခေတ်ဆန်သော

*Ans: 1. products; 2. durable; 3. available; 4. go with; 5. inexpensive; 6. trendy;*

**7. From the table you completed in Exercise 5, choose one item that you want to buy.**

လေ့ကျင့်ခန်း-၅ တွင် သင်ဖြည့်စွက်ခဲ့သောဇယားမှ သင်ဝယ်ချင်တဲ့ အရာတစ်ခုကို ရွေးချယ်ပါ။

In pairs, talk about that item, the name of the shop and the reason why you choose it.
ပစ္စည်း၊ ဆိုင်နာမည်နဲ့ ဘာကြောင့် ရွေးချယ်တယ်ဆိုတဲ့အကြောင်း အတွဲလိုက် (နှစ်ယောက်တွဲ) ပြောပါ။

e.g. Ko Ko: I would like to buy a brown wallet.
(ပိုက်ဆံအိတ်အညိုရောင်တစ်လုံးလောက် လိုချင်လိုက်တာ။)
Min Min: Where can you get it?
(ဘယ်နေရာမှာ ဝယ်လို့ရသလဲ။)
Ko Ko: I can buy it at Rose Accessories Shop.
(နှင်းဆီ အသုံးအဆောင်အရောင်းဆိုင်မှာ ဝယ်နိုင်တယ်။)
Min Min: Where is the shop?
(အဲဒီဆိုင်က ဘယ်နေရာမှာလဲ။)
Ko Ko: It is at Dagon Centre II, San Chaung Township, Yangon.
(ဒဂုံစင်တာ (၂) စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့မှာ ရှိတယ်။)
Min Min: Why do you want it? (ဘာလို့ ပိုက်ဆံအိတ်လိုချင်တာလဲ။)
Ko Ko: It is very useful for me. I can keep photos and cards besides money. (ပိုက်ဆံအိတ်က ငွေအတွက် အသုံးဝင်တယ်။ ပိုက်ဆံထည့်လို့ရတဲ့အပြင်ဓာတ်ပုံတွေနဲ့ ကတ်တွေကိုလည်း ထည့်သိမ်းထားလို့ရတယ်လေ။)
Min Min: How much does it cost?
(ပိုက်ဆံအိတ်တစ်အိတ်ကိုဘယ်လောက်ပေးရသလဲ။)
Ko Ko: I think it costs 15000 Kyats.
(တစ်အိတ်ကို ကျပ် ၁၅၀၀၀ လို့ ငါထင်တယ်။)
Min Min: Where is it from? (ဘယ်နိုင်ငံမှာ လုပ်တာလဲ။)
Ko Ko: It is made in Japan. (ဂျပန်နိုင်ငံမှာလုပ်တာပါ။)
Min Min: Oh! It is cool. (အိုး… သိပ်မိုက်တာပဲ။)

* * * * * * * * * *

(လာမည့်အပတ်တွင် **Lesson 3: The most expensive jeans** အကြောင်း ဖော်ပြပါမည်)

## Grade 8

### Unit 5

### Lesson 1: Do you know how to use a computer?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. A computer is an electronic d___________.
2. A c___________ is an amazing gift from science and it is ussed worldwide.
3. A m___________ is an output device that often looks similar to a television screen.
4. A k__________ is a typewriter-style device used to input text into a computer.
5. A m___________ is a small device that is used to guide the cursor on a computer screen.
6. The b____________ is one of the largest complex organs in our body.
7. A movable indicator on a computer screen is called c____________.
8. The m_____________ bar in my computer is hidden all the time.
9. My computer mouse makes a loud c___________.
10. You need to press the b___________ to start the machine.

**II. Supply the correct form of the words given in brackets.**

1.(move) This robot has _____________ arms.
2.(indicate) The device is a wind speed ______________.
3.(use) I am a great __________ of public transport.
4.(operate) My grandpa had an ____________ last summer.
5.(ease) You can ____________ find my house in this street.
6.(mean) They have a _____________ relationship.
7.(instruct) We should read the ____________ first.
8.(inform) This is a useful piece of _____________.
9.(add) She is an important ____________ to our team.
10. (start) A _________ is a device used to rotate a machine.
11. (compute) _________ is best device that human has developed.
12. (design) She is a talented _____________. She can make attractive designs.

**III. Supply the correct form of the verbs given in brackets.**

1.(use) She __________ her key to open the front door.
2.(design) A number of architectural students __________ a factory now.
3.(show) You must __________ your ticket as you go in.
4.(create) Can I ___________ an account for you?
5.(press) ___________ the start button of the motorbike.
6.(open) He __________ the door and went in.
7.(allow) No one __________ to smoke in the public areas.
8.(view) You can __________ the car before paying it off.
9.(store) I ___________ my old bike in the garage.
10. (guide) A man _________ us to the airport.

**IV. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | | | |
|---|---|---|---|
| device | scroll | screen | |
| computer | cursor | data | bottom |

1.He went on staring at the TV ____________.
2.He invented a ____________ for measuring very small distances exactly.
3.A __________ is the position indicator on a computer display screen.
4.A __________ is a programmable machine.
5.The __________ is being collected by researchers.

**V. Complete the following sentences with the verbs given below.**

| | | |
|---|---|---|
| pressed | indicated | guided |
| commands | selected | |

1.She __________ her house's situation on the map.
2.The students __________ Ko Aung as team leader.
3.He ___________ the key and the machine started to rotate.
4.The ship's captain __________ all the officers and men.
5.I ___________ the tourists to the best restaurant in our town.

**VI. Underline the prepositions.**

1.The book is behind the curtain.
2.They walked across the park.
3.What is the time by his watch?
4.Zaw Zaw sat beside the lake.
5.My sister is fond of chocolates.
6.The woman goes towards the tree.
7.The plane is flying over the bridge.
8.The cat sat under the table.
9.The suitcase was kept between the cupboard and the table.
10. Father is reading in the study room.

**VII. Fill in the blanks with correct prepositions.**

1. They have finished work _____________ the afternoon.
2.Gandhiji was born ____________ 1869 and died ____________ 1948.
3.I will call you ______________ the evening.
4.The train leaves Nay Pyi Taw _____________ 7 a.m. and reaches Mandalay ____________ 12 p.m.
5.The cupboard is ____________ the door.
6.Do you go out _____________ Sunday evening?
7.Could you meet me ____________Saturday morning?
8.Khin Khin and Lwin Lwin first met ____________ the restaurant.
9.There is something _____________ the roof.
10. Let's meet ____________ lunchtime.

**VIII. Rearrange the words to form complete meaning sentences.**

1.very/ is/ hot/ it/ ?/
_________________________________.
2.new/ have/ a/ I/ dress/ . /
_________________________________.
3.at/ boy/ That/ looks/ ./ me/
_________________________________.
4.Blue/ the/ ride/ you/ Can/ bike/ ?/
_________________________________?
5.tie/ Can/ you/ your/ hair/ ? /
_________________________________?

*****************************

**Answers**

**I.1. device; 2. computer; 3. monitor; 4. keyboard; 5. mouse; 6. brain; 7. cursor; 8. menu; 9. click; 10. button;**
**II.1. moveable; 2. indicator; 3. user; 4. operation; 5. easily; 6. meaningful; 7. instruction; 8. information; 9. addition; 10. starter; 11. computer; 12. designer;**
**III.1. used; 2. are designing; 3. show; 4. create; 5. Press; 6. opened; 7. is allowed; 8. view; 9. store; 10. guided;**
**IV.1. screen; 2. device; 3. cursor; 4. computer; 5. data;**
**V.1. Indicated; 2. Selected; 3. Pressed; 4. Commands; 5. Guided;**
**VI.1. Behind; 2. Across; 3. By; 4. Beside; 5. Of; 6. Towards; 7. Over; 8. Under; 9. Between; 10. In;**
**VII. 1. In; 2. In; 3. In; 4. At, at; 5. Near; 6. On; 7. On; 8. At; 9. On; 10. At;**
**VIII. 1. Is it very hot? 2. I never have a dress; 3. That boy looks at me. 4. Can you ride the blue bike? 5. Can you tie your hair?**

## Grade 9 (စနစ်ဟောင်း)

အရင်အပတ်က Verb Form လေ့ကျင့်ခန်းကို Present Perfect Continuous Tense အထိ ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Future Tense လေ့ကျင့်ခန်းတွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။
**(ယခင်အပတ်မှအဆက်)**

### Verb Form လေ့ကျင့်ခန်း

**(6) Choose the Simple Future Tense (will V1) or "Be+ Going to V1".**

* အခုအချိန်မှ လုပ်ဆောင်ဖို့ ဆုံးဖြတ်ချက်ချရင် will/shall V1 (လိမ့်မည်)
* လုပ်ဆောင်ဖို့ ဆုံးဖြတ်ချက်ချမှတ်ပြီးသား ဆိုရင် Be + going to V1 (တော့မည်)

1. Why is she learning Japanese? She ___ (travel) to Japan.
2. We are thirsty. Wait here. I ___ (get) some water.
3. Have you got any plans for tomorrow? Yes, I ___ (visit) my grandparents.
4. Meat or fish? I ___ (have) some fish, please.
5. What do you want the keys for? I ___ (close) the door.
6. If you don't take a taxi, you ___ (arrive) on time.
7. Why do you want so many oranges? I ___ (make) an orange juice.
8. Oh! I haven't got enough money to pay! Don't worry. I ___ (lend) you some.
9. We need one more player. ___ you play with us tomorrow?
10. I am tired. ___ (cook) dinner today?

Ans:

**1. is going to travel; 2. am going to get; 3. am going to visit; 4. will have; 5. am going to close; 6. will not arrive; 7. am going to make; 8. will lend; 9. Will; 10. Will you cook;**

**(7) Fill in the blanks with the Future Continuous tense (will be+ Ving) of the verbs in brackets.**

* အလုပ်ကိစ္စတစ်ခုကို အနာဂတ်တစ်ချိန်ချိန်တွင် လုပ်ဆောင်နေမည်ဖြစ်ကြောင်း ကြိုတင်ပြောဆိုရာတွင် will be + Ving ကို သုံးသည်။

**e.g. I ___ (work) the whole of next week.**
**Ans: I will be working the whole of next week.**

1. They ____ (have) dinner at eight o'clock tonight.
2. I ___ (do) my homework the whole evening.
3. She ___ (swim) when we reach there.
4. I ___ (go) to school at 7 o'clock tomorrow morning.
5. He ___ (rest) at home at noon tomorrow.
6. The man ___ (repair) the road the whole of next week.
7. My father ___ (return) home from the US in a few months' time.

**Ans: 1. will be having; 2. will be doing; 3. will be swimming; 4. will be going; 5. will be resting; 6. will be repairing; 7. will be returning;**

**(8) Put the verbs in brackets into the Future Perfect tense (will have + V3).**

* အနာဂတ်တစ်ချိန်ချိန်တွင် အလုပ်ကိစ္စတစ်ခုကို လုပ်ဆောင်ပြီးဖြစ်နေမည်ဖြစ်ကြောင်း ကြိုတင်ပြောဆိုရာတွင် will have + V3 ကို သုံးသည်။

**e.g. The football match ___ (end) by 6 o'clock this evening.**
**The football match will have ended by 6 o'clock this evening.**

1. By the end of this year, uncle ___ (buy) a new house.
2. We ___ (paint) the whole house by tomorrow.
3. The chicken ___ (grow) taller four months later.
4. I ___ (finish) reading this book by ten o'clock.
5. By the beginning of next month the farmer ___ (harvest) the crop.
6. The sun ___ (set) by seven o' clock tonight.
7. By the time you reach the station the train ___ (leave).

Ans:

**1. will have bought; 2. will have painted; 3. will have grown; 4. will have finished; 5. will have harvested; 6. will have set; 7. will have left;**

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၆၀၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၆၀၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၁၄)ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၆၈,၀၅၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၂၃,၁၆၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၈,၁၂၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ(၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၅၉) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ အခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါ ရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၁၆၆၉၀၄ | ၉၄၉၆၂၁၁၂ | ၁၀၈၄၂၈၂ |
| ၂။ | အိန္ဒိယ | ၄၄၅၈၇၃၀၇ | ၄၄၀၁၉၀၉၅ | ၅၂၈၆၂၉ |
| ၃။ | ပြင်သစ် | ၃၅၃၄၂၉၅၀ | ၃၄၅၂၇၁၁၅ | ၁၅၅၀၇၈ |
| ၄။ | ဘရာဇီး | ၃၄၇၀၆၇၅၇ | ၃၃၈၃၈၆၃၆ | ၆၈၆၀၂၇ |
| ၅။ | ဂျာမနီ | ၃၃၃၁၂၃၇၃ | ၃၂၃၁၅၂၀၀ | ၁၄၉၉၄၈ |
| ၆။ | တောင်ကိုရီးယား | ၂၄၇၆၉၁၀၁ | ၂၄၀၁၃၄၆၁ | ၂၈၄၀၆ |
| ၇။ | ဗြိတိန် | ၂၃၆၂၁၉၅၂ | ၂၃၃၄၇၈၇၁ | ၁၈၉၉၁၉ |
| ၈။ | အီတလီ | ၂၂၄၃၂၈၀၃ | ၂၁၇၇၉၆၀၄ | ၁၇၇၀၅၄ |
| ၉။ | ဂျပန် | ၂၁၂၆၅၈၆၂ | ၂၀၃၈၀၀၈၉ | ၄၄၇၈၉ |
| ၁၀။ | ရုရှား | ၂၀၉၈၅၇၅၆ | ၂၀၀၄၀၉၈၈ | ၃၈၇၂၆၉ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၇၉၃၅၆ | ၁၀၅၉၁၈၆၅ | ၄၃၁၄၈ |
| ၂။ | အင်ဒိုနီးရှား | ၆၄၃၁၆၂၄ | ၆၂၅၅၉၁၈ | ၁၅၈၁၁၂ |
| ၃။ | မလေးရှား | ၄၈၃၈၈၇၂ | ၄၇၇၇၃၂၉ | ၃၆၃၆၉ |
| ၄။ | ထိုင်း | ၄၆၈၁၃၀၉ | ၄၆၄၂၀၈၃ | ၃၂၇၆၇ |
| ၅။ | ဖိလစ်ပိုင် | ၃၉၄၈၀၄၀ | ၃၈၅၅၉၇၅ | ၆၂၉၄၇ |
| ၆။ | စင်ကာပူ | ၁၉၀၄၁၉၂ | ၁၈၂၁၁၆၀ | ၁၆၁၇ |
| ၇။ | မြန်မာ | ၆၂၃၁၆၆ | ၅၉၈၁၂၆ | ၁၉၄၅၉ |
| ၈။ | ဘရူနိုင်း | ၂၂၆၂၃၇ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၈၄၃ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၈၇၇ | ၁၃၄၇၅၀ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၃၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေး အတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု ယာဉ်စီးရေနှစ်စီးဖြင့် နှာခေါင်းစည်း ၁၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက် ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက် ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကဦးဆောင်၍ တိုင်းဒေသကြီးပညာရေး မှူးရုံးနှင့်ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံး နိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(၂)လသာ မြည်လာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် "ကြိုတင်သတိပေးထုတ်ပြန်ချက် ဆောလျင်ဆောင်ရွက် အားလုံးအတွက်" ခေါင်းစဉ်ဖြင့် တိုင်းဒေသကြီးအဆင့် စာစီစာကုံး ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၆၉ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



အခမ်းအနားသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဦး(ပညာ)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ဆန်းမြင့်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၄၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၀၉၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၂၆၁၄ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၃၁၃၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

**ထိုးနှံပေးလျက်ရှိ**

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၈၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၀၄၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၊ ကချင်ပြည်နယ်၊ ပူတာအိုမြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နှင့် တောင်သာမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

## အနုပညာ

**အေးပြည့် - စုစည်းသည်**

### Super Bowl halftime show မှာ ရီဟားနား ပါဝင်ဖျော်ဖြေမည်

မကြာသေးမီက ရင်သွေးလေးမွေးဖွားထားတဲ့ တေးသံရှင်ရီဟားနားဟာ လာမယ့်နှစ်မှာ ကျင်းပမယ့် Super Bowl halftime show မှာ ပါဝင်ဖျော်ဖြေမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့်ဖေဖော်ဝါရီ ၁၂ ရက်မှာ အရီဇိုးနား ဂလန်ဒဲလ်မှာ ကျင်းပမယ့် Super Bowl halftime show မှာ ရီဟားနား ပါဝင်ဖျော်ဖြေမှာဖြစ်ကြောင်း အမျိုးသားဘောလုံးအဖွဲ့က စက်တင်ဘာ ၂၆ ရက်မှာ ထုတ်ပြန်ခဲ့တာပါ။ ရုပ်သံကနေတစ်ဆင့် ကြည့်ရှုသူ သန်းနဲ့ချီရှိတဲ့ အဆိုပါဖျော်ဖြေပွဲမှာ ယခင်က နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဘီယွန်းစေး၊ လေဒီဂါဂါ၊ ပရင့်စ်၊ မိုက်ကယ်ဂျက်ဆင်၊ မက်ဒေါနားစတဲ့ တေးသံရှင်တွေလည်း ပါဝင်ဖျော်ဖြေခဲ့ကြဖူးပါတယ်။

ဂရမ်မီဆုရှင် ရီဟားနားဟာ တေးအယ်လ်ဘမ်သစ်ထွက်ရှိခဲ့ခြင်းမရှိတာ အတော်ကြာခဲ့ပြီဖြစ်တာကြောင့် ပရိသတ်တွေကတော့ သူ့ရဲ့ တေးသီချင်းသစ်တွေကို မျှော်လင့်နေကြောင်းလည်း သိရပါတယ်။



### ဆန်းဟွတ်လက်ထပ်တော့မည်

တောင်ကိုရီးယားမင်းသား ဆန်းဟွတ်က သူလက်ထပ်တော့မှာဖြစ်ကြောင်း လတ်တလောမှာ သတင်းတွေထွက်ပေါ်လာခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆန်းဟွတ်နဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ မင်းသားရဲ့ သတို့သမီးလောင်းဟာ အနုပညာရှင်တစ်ဦး မဟုတ်ကြောင်းနဲ့ သူတို့နှစ်ဦးရဲ့မင်္ဂလာပွဲကို လာမယ့် အောက်တိုဘာလအတွင်း ဆိုးလ်မှာပင် ပြုလုပ်မှာဖြစ်တယ်လို့ သိရပါတယ်။

စက်တင်ဘာ ၂၆ ရက်မှာ သူ့ရဲ့မင်္ဂလာသတင်းကို ဆန်းဟွတ်ကလည်း အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်အသိပေးခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် နှစ်နှစ်ခန့်လက်တွဲခဲ့ပြီးနောက် ယခုလို မင်္ဂလာပွဲကျင်းပဖို့စီစဉ်ခဲ့တာပါ။ သူတို့ရဲ့ မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၁ ရက်မှာ ပြုလုပ်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**အလုပ်လျှောက်လွှာခေါ်ယူခြင်း**
**ကြော်ငြာစာအမှတ်( ၁/ ၂၀၂၂ )**

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်းကျပ်၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး(၅၀)နေရာ (ကျား-၃၀၊ မ-၂၀) အတွက် လျှောက်ထားနိုင်ပါသည်။(လျှောက်လွှာပုံစံကို နိုင်ငံခြားရေးဝန်ကြီးဌာန website နှင့် Facebook Page တို့တွင် ရယူနိုင်ပါသည်။)

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့်စာရွက်စာတမ်းများပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်သို့ ကြော်ငြာသည့်နေ့မှစ၍ ၂၈-၁၀-၂၀၂၂ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ ရုံးချိန်အတွင်း လာရောက်လျှောက်လွှာတင်သွင်းနိုင်သည်။ Online မှ လျှောက်ထားလိုပါက www.mofa.gov.mmတွင် ဖော်ပြထားသည့် Link မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်-

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဝိဇ္ဇာဘွဲ့များ(အထူးပြုဘာသာရပ်များ)/ သိပ္ပံဘွဲ့များ(အထူးပြုဘာသာရပ်များ)/ ဥပဒေဘွဲ့/ နိုင်ငံခြားဘာသာဘွဲ့များ/ စီးပွားရေးဘွဲ့များ/ ကွန်ပျူတာဘွဲ့များ
(ဂ) ရိုးရိုးဘွဲ့ရဖြစ်ပါက ၃-၁၀-၂၀၂၂ရက်နေ့တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်စေရ။
(ဃ) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်းခန့်ဝန်ထမ်း) (သို့မဟုတ်) မဟာဘွဲ့ရရှိပြီးဖြစ်ပါက ၃-၁၀-၂၀၂၂ ရက်နေ့တွင် အသက်(၃၂)နှစ်ထက်မကျော်လွန်စေရ။
(င) အနည်းဆုံး(၁)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ကတိခံဝန်ချက်ရေးထိုးရမည်။
(စ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ အခြားတတ်ကျွမ်းသော ဘာသာရပ်များအတွက် အောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဆ) (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးကြောင်း မှတ်တမ်း (မူရင်း၊မိတ္တူ)။
(ဇ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကျေးရွာ/ ရပ်ကွက်ထောက်ခံစာနှင့် ပြစ်မှုကင်းရှင်းကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ(မူရင်း၊မိတ္တူ)။
(ဈ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း၊မိတ္တူ)။
(ည) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက် (မူရင်း၊မိတ္တူ)။
(ဋ) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။
(ဌ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၄။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ စုစုပေါင်း(၃)နာရီမေးခွန်းဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်တို့အား နိုင်ငံပိုင်သတင်းစာများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန website နှင့် Facebook Page တို့တွင် အသိပေးဖော်ပြသွားမည်ဖြစ်ပါသည်။

၅။ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက **နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၃၃၄ သို့** ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမည်ပြောင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အထက (၁) Grade (11)တွင် ပညာသင်ကြားနေသော အဖ ဦးဘိုဘိုထွန်း၊ အမိ ဒေါ်နွယ်နွယ်ဝင်းတို့၏ သမီး အေးအေးအောင်အား အေးမြတ်နန္ဒာထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အေးမြတ်နန္ဒာထွန်း**

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ဥတ္တရသီရိအနောက်ရပ်)၊ မြေကွက်အမှတ် - ဥ-၃၃၉၅၊ ဧရိယာ( ၀.၂၂၉ )ဧကရှိ( ဦးလရောင်(၉/မနမ(နိုင်)၀၆၉၆၆၈)အမည်ပေါက်ဖြင့်) နှစ်(၃၀)မြေငှားစာချုပ်(ဂရန်)ရရှိထားသောမြေနှင့် အဆောက်အဦ၊ အကျိုးခံစားခွင့်အားလုံးကို ဂရန်(မူရင်း)၊ အရောင်းအဝယ် စာချုပ်စာတမ်းများဖြင့် ဦးအောင်ဘိုဘို(၁၀/ကမရ(နိုင်)၀၈၀၂၈၈)မှ အရှုပ်အရှင်းကင်းစွာဖြင့်တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ၎င်းအိမ်ခြံမြေအား အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ကြိုတင်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်မာသောအထောက်အထား စာရွက်စာတမ်း (မူရင်း)များဖြင့် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်သူရထွန်း (အထက်တန်းရှေ့နေ) (စဉ်-၃၄၉၀၆)**
**အမှတ်(၃၅၄)၊ ကံလှကွက်သစ်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**
**(ဖုန်း- ၀၉၄၄၈၅၃၅၈၄၄)**




**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၄၄၇)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစောသာ[၁၂/တမန (နိုင်)၀၀၂၀၈၆]အမည်ပေါက် တည်ရှိပြီး အဆိုပါအကွက်ထဲမှ တရားဝင် ခွဲစိတ်ခြင်းမပြုရသေးသည့် မြေကွက်အမှတ်(၁၄၄၆)နှင့်ကပ်လျက်ဘက်အခြမ်း၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ မြေကွက်အား ယခုရောင်းချသူ ဒေါ်အုန်းအုန်းတင့် [၁၂/ဥကမ(နိုင်)၀၆၁၇၄၈] မှ ပါမစ်မိတ္တူနှင့်တကွ အရပ်ကတိစာချုပ်ဖြင့် မိမိဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဝင်းသန္တာကြိုင် [၁၂/ဥကတ(နိုင်)၀၈၆၂၈၃]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိမ့်ဖြူနိုင်LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)**
**တိုက်(အေ-၂)၊ အခန်း-၀၀၃၊ မြေညီ၊ ချယ်ရီ(၁)လမ်း၊ (၁၁၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၅၀၅၄၈၂၊ ၀၉-၇၆၄၅၀၅၄၈၂**

**သွေးသည်အသက်**

**ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်-၅၇၉၊ ၂ ခန်းတွဲ (၅)ထပ်တိုက်၏ ၃ လွှာ (ဒုတိယထပ်/ခေါင်းရင်းခန်း)ဖြစ်သော ဧရိယာ ပေ(၁၂x၄၇) အကျယ်ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်အေးအေးမြတ်[၁၂/တကန(နိုင်)၀၀၄၃၉၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဆုမြတ်မွန် (LL.B,D.B.L,D.I.L)** — **ဒေါ်သူဇာထွေး (LL.B, WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၇၀)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၁၈)**
**အမှတ်-၁၀/၁၂၊ မြေညီထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၄၅၄၃၀**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၄၄ စုံ | ၃၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

**ကျွန်တော်တို့နိုင်ငံဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားတွေစုစည်းနေထိုင်ခဲ့ကြတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒေသ၊ နယ်မြေအလိုက် အုပ်ချုပ်မှုပုံစံတွေ ကွဲပြားခဲ့သော်လည်း လွတ်လပ်ရေးမဆုံးရှုံးမီကာလကတည်းက နိုင်ငံအဝှမ်းမှာ ပင်မအုပ်ချုပ်ကွပ်ကဲမှုရှိတဲ့ပုံစံနဲ့ အုပ်ချုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိတော့လည်း တစ်နိုင်ငံလုံး၊ ပြည်ထောင်စုတစ်ခုလုံး စုစည်းလွတ်လပ်ရေးရရှိခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ရှေးယခင်ကတည်းက ပြည်ထောင်စုစနစ်နဲ့ စုစည်းတည်ဆောက်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီပြည်ထောင်စုစနစ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် ခေတ်နဲ့အညီ တည်ဆောက်ကြမှသာ နိုင်ငံတော်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ (၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကြက်ဥ၊ ဘဲဥ၊ ကြက်သား၊ ပျားရည်၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ

**နေပြည်တော် စက်တင်ဘာ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူများက ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရ ဖြစ်စေသည့် သီးနှံသားငါးများအား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးများသို့ ရွေ့လျားဈေးရောင်းယာဉ်ဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့ ညနေပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)သို့ သွားရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဈေးနှုန်းချိုသာစွာရောင်းချ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သုတေသနခြံများ၊ နည်းပညာပေးလုပ်ငန်းအတွက် စံနမူနာပြစိုက်ခင်းများမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**



**ယနေ့ ဖတ်စရာ**

**စစ်ဘက်ဆိုင်ရာ ပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအပေါ် ရည်ရွယ်ချက်ထားပြီး တိုက်ခိုက် ပစ်ခတ်မှုများကို ရှုတ်ချကန့်ကွက်ပါကြောင်းနှင့် လုံးဝလက်မခံနိုင်ပါကြောင်း သဘောထားထုတ်ပြန်**

စာမျက်နှာ » ၁၁

**မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ချောင်းဆုံကျေးရွာ "ရွာဦး"ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဥူးသုန္ဒရအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်**

စာမျက်နှာ » ၁၅

# KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ စီးနင်းလိုက်ပါလာသည့် အရပ်ဘက်လေယာဉ်တစ်စင်းကို လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် ရက်စက်ရိုင်းစိုင်းယုတ်မာစွာဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်






KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ စီးနင်းလိုက်ပါလာသည့် အရပ်ဘက်လေယာဉ်တစ်စင်းကို လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေယာဉ် ဘယ်ဘက်ဝမ်းဗိုက်အား ထိမှန်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ထာဝရငြိမ်းချမ်းရေး ရရှိစေရန်ရည်ရွယ်၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**စစ်ရေးနှင့်မသက်ဆိုင်**

သို့သော် ကယားပြည်နယ်အတွင်းရှိ KNPP နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် စစ်ရေးနှင့် မသက်ဆိုင်သည့် အများပြည်သူများကို မကြာခဏ ချောင်းမြောင်းပစ်ခတ်ခြင်းနှင့် ဖောက်ခွဲ

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■**